# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 9 August 2022 ၁၀၈၂


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သည် နိုင်ငံတော်စွမ်းပကားကို မြှင့်တင်ပေးသည့်ကဏ္ဍများဖြစ်

## ကျေးလက်ကိုအခြေခံပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထားဆောင်ရွက်

## ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰




**မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့်၊ သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ**

ဆောင်းပါး စာမျက်နှာ - ၆

**ယနေ့ ဖတ်စရာ**

**ရခိုင်ပြည်နယ်၌ ရေချို ငါးမြစ်ချင်း ကေ ၁၀၀၀ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရန် ရည်မှန်းဆောင်ရွက်နေ**

စာမျက်နှာ - ၉

**လူငယ်နှင့် ဘဝအောင်မြင်ရေး**

စာမျက်နှာ - ၁၈၊ ၁၉

**သဘာဝဘေးအန္တရာယ်သတိပြု ကြိုတင်ပြင်ဆင်ကာကွယ်**

ဆောင်းပါး စာမျက်နှာ - ၁၀



# နိုင်ငံခြားရေးမူဝါဒနှင့်အညီ အပြုသဘောပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို လိုက်နာကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံမူ၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံရည်မှန်းချက်၊ အာဆီယံပဋိညာဉ်စာတမ်းများနှင့်အညီ လိုက်နာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို စတင်ထူထောင်ခဲ့သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်သူများသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အာဆီယံသည် စတင်ဖွဲ့စည်းစဉ်အချိန်မှစ၍ ထိတွေ့ဆက်ဆံလိုသောနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသောနိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏ စံတန်ဖိုးများကို နိုင်ငံတကာမှ ပိုမိုလက်ခံအသိအမှတ်ပြုလာခြင်းသဘောဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ယနေ့အချိန်အခါတွင် အာဆီယံသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှု ပုံစံတစ်ခုဖြစ်လာပြီး ကမ္ဘာ့ရေးရာကိစ္စများ၌ အရေးပါသည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အာဆီယံကို အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ကမ္ဘောဒီးယားနိုင်ငံက တာဝန်ယူဆောင်ရွက်ရာ၌ "စိန်ခေါ်မှုများကို စုစည်းညီညွတ်စွာဖြေရှင်းကြပါစို့" ဆောင်ပုဒ်ကို ရွေးချယ်ခြင်းသည် လျော်ကန်သင့်မြတ်လှပြီး အာဆီယံ၏ "စုစည်းညီညွတ်မှု" စိတ်ဓာတ်ဖြင့် လိုက်လျောညီထွေရှိကာ ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ထူထောင်နိုင်မည်ဟု ယုံကြည်ပါသည်။

"အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ပြီး အာဆီယံ၏ ဦးဆောင်မှုအောက်ရှိယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေခံပြုသည့် ဒေသဆိုင်ရာ ဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ကြရမည်ဖြစ်ပါသည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

မျက်မှောက်ကာလ၌ ကမ္ဘာပေါ်တွင် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထားအမြင်တို့အပေါ်အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အရေးကြီးပါသည်။ အာဆီယံ၏ အခြေခံမူများကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့် အာဆီယံကိုဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် တာဝန်ယူဆောင်ရွက်သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံသဘောထားအမြင်တို့တွင်ပါရှိသည့် အခြေခံမူများနှင့် စံတန်ဖိုးများအပေါ် ခိုင်မာစွာဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။ ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံအနေဖြင့် အစဉ်အဆက်ကိုင်စွဲထားသော မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံမှ ချမှတ်ထားသည့်အချက်များကို လေးစားလိုက်နာပြီး ဒေသတွင်းနှင့် ဒေသပြင်ပ တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးအတွက် အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းများတွင် အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊
(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ရန်ကုန်တိုင်းဒေသကြီး ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၏စီစဉ်မှုဖြင့် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက လှိုင်မြို့နယ် မီးသတ်စခန်း၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက အဖွင့်အမှာစကား ပြောကြားသည်။



**ပို့ချ**

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိမြို့နယ်များမှ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ ပရဟိတ/လူမှုကူညီရေးအသင်းတို့မှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းတင်

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၀၀၀ | ၆၅၅ | ၄,၆၂၂,၅၀၀ |
| MTSH | ၂,၅၀၀ | ၂,၄၅၀ | ၈၇၀ | ၂,၁၇၁,၈၀၀ |
| MCB | ၆,၉၀၀ | ၇,၀၀၀ | ၄၇၆ | ၃,၃၀၃,၃၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၂ | ၃၅,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၄၀၀ | ၂၀ | ၄၇,၉၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၄၃ | ၂၁၀,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၃၇.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၀.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၆၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၇၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၀.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၁.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၄.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# ဆန်သည် အဓိကပို့ကုန်ဖြစ်ပြီး ထုတ်လုပ်မှုများကောင်းမွန်အောင်ဆောင်ရွက်ရန်လို၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်တွင် စိုက်ပျိုးရေးထွက်ကုန်သည် အဓိကကျသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိ

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးအရ ဦးဆောင်ပြီး နိုင်ငံရေးအရ ချမှတ်ထားသည့်မူဝါဒများကိုပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ ဒေသအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်စတင်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အဓိကအားဖြင့် မိမိတို့တာဝန်ယူခဲ့ရခြင်းမှာ ရွေးကောက်ပွဲရလဒ်အရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်ခဲ့မည်ဆိုပါက ယခုကဲ့သို့သောအခြေအနေသို့ ရောက်ရှိခဲ့မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲပြင်ဆင်ချိန်ကာလအတွင်း မိမိအနေဖြင့် နိုင်ငံရေးပါတီများ၏ မေတ္တာရပ်ခံချက်အရ ပါတီခေါင်းဆောင်များနှင့် တွေ့ဆုံမှုများရှိခဲ့ကြောင်း၊ ပါတီခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုတွင် အာဏာရပါတီမှ မမှန်မကန်ဆောင်ရွက်နေမှုများကို တင်ပြခဲ့ကြောင်း။

**ကွဲလွဲမှုများ များပြားစွာဖြစ်ပေါ်**

ထိုသို့ ဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို တိုက်ရိုက်နှင့် သွယ်ဝိုက်၍ ပြောဆိုခဲ့မှုများရှိခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်ကို မကြာခဏ ပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခြားပါတီများအပေါ် ကန့်သတ်မှုများ ပိုမိုများပြားလာခဲ့ပြီး မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ချိန်တွင်လည်း ကွဲလွဲမှုများ များပြားစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မဲဆန္ဒရှင်စာရင်းနှင့် ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းတွင် မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းအရ မဲဆန္ဒရှင်စာရင်းများ ကွာဟချက်သည် လွန်စွာများပြားခဲ့ကြောင်း၊ မဲစာရင်းများ ပြန်လည်စိစစ်ချိန်တွင်လည်း မဲစာရင်းများ လွဲမှားနေသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများကို မဲစာရင်းများ ပြန်လည်ရှင်းလင်းပြီးမှ လွှတ်တော်ခေါ်ယူရန်အတွက် မိမိကိုယ်တိုင် မေတ္တာရပ်ခံခဲ့သည်များရှိသကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့်လည်း ပြောကြားခဲ့ကြောင်း၊ သို့သော် လွှတ်တော်ခေါ်ယူခဲ့ခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်စတင်ယူချိန်မှစ၍ မဲစာရင်း ပြန်လည်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်အောင် ပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် တာဝန်ရှိသူများကို ထိုက်သင့်သည့် အရေးယူမှုများပြုလုပ်ခဲ့ကြောင်း၊ မှန်ကန်သည့် မဲစာရင်းများထွက်ပေါ်လာစေရေးအတွက်လည်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူများ၊ အသက် ၁၈ နှစ်ပြည့်သော်လည်း နိုင်ငံသားအဖြစ် စိစစ်ခြင်းမပြုရသေးဘဲ မဲပေးသူများ၊ နှစ်ကြိမ်မဲပေးသူများနှင့် ကွယ်လွန်ပြီးသူများက ဆန္ဒမဲများ ပေးထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ စိစစ်မှုများမရှိခဲ့ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်ချက်များကို ပြန်လည်စိစစ်ခဲ့ရာ အများစုမှာ ပြီးစီးပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှလွဲ၍ ကျန်ရှိသည့်ဒေသများတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် နိုင်ငံသားများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအားလုံး ရရှိအောင် ဆောင်ရွက်ပေးရန်အတွက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

**❐ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှလွဲ၍ ကျန်ရှိသည့်ဒေသများတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်**

**❐ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် နိုင်ငံသားများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ**

**❐ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအားလုံးရရှိအောင် ဆောင်ရွက်ပေးရန်အတွက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန် လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေး တာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်**

**လစ်ဟာမှုများရှိ**

မိမိတို့နိုင်ငံ၏ သန်းခေါင်စာရင်းတွင် မပြည့်စုံမှုများနှင့် လစ်ဟာမှုများရှိကြောင်း၊ ကောက်ခံထားသည့် စာရင်းအရ လူဦးရေ ၅၅ သန်း ရှိသော်လည်း ပြည်ပသို့ရောက်ရှိနေသူ လေးသန်းခန့်ရှိကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားပကတိအခြေအနေကို သိရှိရန်လည်း လိုကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်ကတည်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောက်ယူပြီးစီးချိန်တွင် လူဦးရေစာရင်းအနေဖြင့် အနီးစပ်ဆုံးစာရင်း ရရှိမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်တွင် ဒုတိယအချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ သုည ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း၊ ထိုအပေါ်တွင် ကျေနပ်နေ၍မရဘဲ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများကို အကြိမ်ပြည့် ထိုးနှံရန်လိုအပ်ပြီး လူတစ်ဦးအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကို အနည်းဆုံး လေးကြိမ် ထိုးနှံနိုင်ပါက ကာကွယ်မှုအတွက် ပိုမိုထိရောက်သည်ကို ဆေးပညာရှင်များ၏ ပြောကြားချက်များအရ သိရှိရကြောင်း။

**❐ မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ သုည ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိ**

**❐ ကာကွယ်ဆေးများကို အကြိမ်ပြည့် ထိုးနှံရန်လိုအပ်ပြီး လူတစ်ဦးအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကို အနည်းဆုံး လေးကြိမ် ထိုးနှံနိုင်ပါက ကာကွယ်မှုအတွက် ပိုမိုထိရောက်သည်ကို ဆေးပညာရှင်များ၏ ပြောကြားချက်များအရ သိရှိရ**

**❐ လက်ရှိအချိန်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များကို အသုံးချရန်လိုအပ်သကဲ့သို့ နောင်မျိုးဆက်တွင် အလုပ်လုပ်ကိုင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာရန်လိုအပ်သဖြင့် ပညာရေးတွင် KG + 9 ကို အားပေးဆောင်ရွက်ခြင်းဖြစ်**

စီးပွားရေး ဦးတည်ချက်များကို အကောင်အထည်ဖော်ရန် အစိုးရတွင် တိုက်ရိုက်တာဝန်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး စသည့် ဦးတည်ချက်သုံးရပ် ချမှတ်ထားကြောင်း။

မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြကြောင်း၊ စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် အဓိကကျပြီး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း(SME)များနှင့် ဆက်စပ်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းများ၊ စိုက်ပျိုးမြေများ၊ ရေသယံဇာတပစ္စည်းများ၊ စိုက်ပျိုးရေများ ပေါများစွာရှိကြောင်း၊ လူဦးရေအားဖြင့် ၅၅ သန်းခန့်ရှိပြီး ၅၀ ရာခိုင်နှုန်းအထက်သည် အလုပ်လုပ်ကိုင်နိုင်ကြသူများ ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ နိုင်ငံအတွင်း အလုပ်အကိုင်လုပ်ကိုင်နိုင်သူနှင့် အခွင့်အလမ်းများ များစွာရှိသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များကို အသုံးချရန်လိုအပ်သကဲ့သို့ နောင်မျိုးဆက်တွင် အလုပ်လုပ်ကိုင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာရန်လိုအပ်သဖြင့် ပညာရေးတွင် KG + 9 ကို အားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ နည်းပညာအရ တိုးတက်မှုရှိစေရေး ကောလိပ်များနှင့် တက္ကသိုလ်များတွင် သင်ကြားပေးရမည်ဖြစ်ကြောင်း။

**အနည်းဆုံး အခြေခံပညာအလယ်တန်းနှင့် အထက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်**

ခေတ်ကာလအခြေအနေအရ ယခုအခါ လူငယ်များသည် အလုပ်လုပ်ရင်း ပညာသင်သည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းမှာ အနည်းဆုံး အခြေခံပညာ အလယ်တန်းနှင့်အထက် ရရှိစေရန် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာတတ်မြောက်မှုအပေါ်မူတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မည့်သူများကို မွေးထုတ်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများသည် အလေးထားရမည့်ကဏ္ဍတွင်ရှိကြောင်း။

ပြီးခဲ့သည့် ငါးနှစ် ယခင်အစိုးရလက်ထက် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့မှု အခြေအနေများကို စိစစ်ကြည့်ရာ ပြည်ပပို့ကုန်များ ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၈ ခုနှစ်မှစ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာကျဆင်းလာခဲ့ကြောင်း၊ ဆန်သည် အဓိကပို့ကုန်ဖြစ်ပြီး ထုတ်လုပ်မှုများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်တွင် စိုက်ပျိုးရေးထွက်ကုန်သည် အဓိကကျသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

**စာမျက်နှာ ၄ သို့ »»**

- ၂၀၂၃ ခုနှစ် ဇွန်လတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ယခုအချိန်ကတည်းက အလေးထားဆောင်ရွက်
- ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်
- ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်၊ အခြား ဝိဇ္ဇာသိပ္ပံပညာရပ်များ သင်ကြားသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပုံမှန်အတိုင်း ဆက်လက်ပညာသင်ကြားနိုင်မည်

- ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာ ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံ စိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှု အပြည့်အဝရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထား
- မွေးမြူရေးနှင့်ပတ်သက်၍ အသားစားကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုအတွင်း ငွေပြန်ပေါ်နိုင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် မတည်အရင်းအနှီးများ ကူညီထောက်ပံ့ပေးသွားရမည်
- အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေရသဖြင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချသွားရန်လို
- လာမည့်နှစ်တွင် ဒေသအလိုက် လျှပ်စစ်ဓာတ်အားဖူလုံစေရေး ရေအား၊ ဆိုလာစနစ်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြံဆဆောင်ရွက်သွားရန်လိုအပ်၊ လျှပ်စစ်ဓာတ်အားရရှိပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အထိုက်အလျောက်တိုးတက်လာမည်

»»» **စာမျက်နှာ ၃ မှ**

လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ယခင်နှစ်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ပညာသင်နှစ်တွင်လည်း ကျောင်းသားများအားလုံး ကျောင်းမပျက်ရန်နှင့် အမှန်တကယ် ပညာတတ်မြောက်စေရန်အတွက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၃ ခုနှစ် ဇွန်လတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ယခုအချိန်ကတည်းက အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG + 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ သို့သော် အချို့သော ကျောင်းများတွင် အခကြေးငွေများ ကောက်ခံနေသည်ကို သိရှိရသဖြင့် သက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့များက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

**ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့**

အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းထားသည့်ခရိုင်ရုံးများ လုပ်ငန်းလည်ပတ်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သည် နိုင်ငံတော်စွမ်းပကားကို မြှင့်တင်ပေးသည့်ကဏ္ဍများဖြစ်ကြောင်း၊ ခရိုင်အဆင့် တာဝန်ရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားမည်ဆိုပါက တိုးတက်မှုများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ အခြားဝိဇ္ဇာသိပ္ပံပညာရပ်များသင်ကြားသည့် ကျောင်းသားကျောင်းသူများ အနေဖြင့်လည်း ပုံမှန်အတိုင်း ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့တွင် နိုင်ငံတော်သာယာဝပြောရေးနှင့်နိုင်ငံတော်စားရေရိက္ခာပေါများရေး အမျိုးသားရေးပန်းတိုင် နှစ်ရပ်ရှိကြောင်း၊ ဒုတိယအချက်ဖြစ်သည့် နိုင်ငံတော်စားရေရိက္ခာပေါများရေးနှင့် ပတ်သက်ပြီး မိမိတို့လုပ်နိုင်သည့်အချက် များစွာရှိကြောင်း၊ ပြည်တွင်းတွင် ဆန်၊ ပဲ၊ ပြောင်းသီးနှံများ ဖူလုံလျက်ရှိပြီး နိုင်ငံခြားသို့ တင်ပို့နေကြောင်း၊ ဆီထွက်သီးနှံ မြေပဲနှင့် နှမ်းများလည်း ပြည်ပသို့ တင်ပို့နေရကြောင်း၊ သို့သော်လည်း ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီအုန်းစိုက်ဧက လေးသိန်းခန့်ရှိသည်ဟု သိရှိရကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် ဆီအုန်းအထွက်နှုန်း အလွန်နည်းနေသည်ကို တွေ့ရှိရကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတကာနှင့်ယှဉ်ပါက နည်းနေသေးကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုပန်းတိုင် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံမှု အထိုက်အလျောက် ရှိလာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာ ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှု အပြည့်အဝရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ ပြည်ပမှ တင်သွင်းမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ပြီး မွန်ပြည်နယ်သို့ အဓိကဖြည့်တင်းပေးရန်လိုကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သည့် စားသုံးဆီလိုအပ်ချက်ကို နေကြာ၊ နှမ်း၊ ပဲ၊ ပန်းနှမ်း၊ ပဲပုပ်ဆီတို့ဖြင့် ဖြည့်ဆည်းသွားနိုင်ကြောင်း။

စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ မိုးစပါးစိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက သုံးသန်းခန့်ရှိကြောင်း၊ စိုက်ဧက ၁၇ သန်းကျော်ရှိသော်လည်း နွေစပါး၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုသည် ရည်မှန်းချက် မပြည့်မီသေးကြောင်း၊ စိုက်ဧက၊ ပြည်ပပို့သည့်ဆန်နှင့် လက်ကျန်ရှိသည့် ဆန်ကို ရာသီအလိုက် ချိန်ဆရာတွင် အလျှံပယ် ပိုခြင်းမရှိသည်ကို တွေ့ရကြောင်း၊ သတိထားရမည့် အခြေအနေမျိုးရှိကြောင်း၊ မိုးစပါးကို တစ်ဧက ၇၅ တင်းခန့်ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧက ပျမ်းမျှတင်း ၈၀ ခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၇၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ နွေစပါးကို တစ်ဧကတင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမအဆင့် တစ်ဧက ၉၅ တင်းခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ နွေစပါး၊ မိုးစပါး နှစ်ခုပေါင်းပါက စပါးတင်း စုစုပေါင်း သန်း ၉၀ ခန့် ပိုမိုလာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ပြီး အသေအချာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများနှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထား ဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ အစိုးရပိုင်းအနေဖြင့် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေများ ရရှိရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နွေရာသီတွင် ရေလုံလောက်စွာရရှိရေးအတွက် ရေသိုလှောင်သည့်စနစ်၊ မြေအောက်ရေကို စနစ်တကျ သုံးစွဲသည့်စနစ်တို့ဖြင့် အကျိုးရှိရှိ သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာပါက အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိလာမည်ကြောင်း၊ ထို့ပြင်သုံးစွဲမှုနှင့် ဝယ်လိုအား တက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် ကျေးလက်ကို အခြေခံပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင်အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အသားစားကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုအတွင်း ငွေပြန်ပေါ်နိုင်သည့်လုပ်ငန်းများဖြစ်သည့်အတွက် မတည်အရင်းအနှီးများ ကူညီထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်ကြောင်း။

**အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေ**

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေရသဖြင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ ပြည်တွင်းတွင် အထိုက်အလျောက် ရေနံထွက်ရှိပြီး အချို့ဒေသများရှိ တွင်းတိမ်ရေနံတူးဖော်ထုတ်လုပ်မှုများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ရေနံထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းပြည်အတွက် အကျိုးရှိအောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသအလိုက် လျှပ်စစ်ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ၊ စီမံကိန်းများ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လာမည့်နှစ်တွင် ဒေသအလိုက် လျှပ်စစ်ဓာတ်အားဖူလုံစေရေး ရေအား၊ ဆိုလာစနစ်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြံဆဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အထိုက်အလျောက် တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊

အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ရသည့် လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူ လေ့ကျင့်မွေးထုတ်သွားရန် လိုကြောင်း၊ ပြည်သူလူထု ကျန်းမာရေးအတွက် အလွယ်ကူဆုံး အားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိကြောင်း၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ မိမိကိုယ်တိုင်ကစပြီး ဂရုတစိုက်ဆောင်ရွက်ကြရန်၊ လက်အောက်အဆင့်ဆင့်ကိုလည်း တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက် အားကစားကွင်းများ တည်ဆောက်ရာတွင် ရေရှည်မြော်တွေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ပြည်သူများ အကျိုးရှိအောင် နည်းလမ်းရှာဖွေလုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ခဲ့သည့် ၁၈ လ ကာလအတွင်း ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ်အကျိုးရှိမည့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသ၏အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးဦးစီးဌာန အရာထမ်း(ဦးစီးအရာရှိ) မွမ်းမံသင်တန်း ဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေး အရာထမ်း(ဦးစီးအရာရှိ) မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအေးထွန်းက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ သိရှိနားလည်စေရန်၊ ရုံးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်စေရန်နှင့် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို သိရှိနားလည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြစေရန် သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လက်တွေ့ကြုံရမည့်လုပ်ငန်းများကို သိရှိနားလည်စေရန်နှင့် စာတွေ့လက်တွေ့ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်သောညွှန်ကြားလွှာများ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝိနိစ္ဆယလက်စွဲများ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းတို့ကို အမြဲလေ့လာဆည်းပူးရန်လိုကြောင်း၊ တာဝန်ယူ ဆောင်ရွက်ရသည့်လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှုတို့ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခန့်အပ်ခြင်းခံရသော ဦးစီးအရာရှိ ၁၂ ဦးနှင့် ဌာနအတွင်းမှ ဦးစီးအရာရှိ ခုနစ်ဦး စုစုပေါင်း သင်တန်းသား ၁၉ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြေပုံမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား ကျင်းပ

**မြေပုံ ဩဂုတ် ၈**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာ ဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ယနေ့တွင် မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဖွဲ့စည်းရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်ဒါရိုက်တာများ၊ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းတွင် သဘာပတိအဖြစ် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မြင့်က ဆောင်ရွက်ခဲ့သည်။ ထို့နောက် သဘာပတိနှင့် ပြည်နယ်ဖွဲ့စည်းရေးကော်မတီတို့က အမှာစကားပြောကြားခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာ ဘဏ္ဍာနှစ် အစီရင်ခံစာကို အတွင်းရေးမှူး ဦးအောင်မြင့်ကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ချိုဝင်းကလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသော အသင်းဝင်ကိုယ်စားလှယ်များ၏ သဘောတူညီချက်ရယူကာ၊ အတည်ပြုပြီး သက်တမ်းပြည့်ပြီးဖြစ်သော အမှုဆောင်အဖွဲ့က နုတ်ထွက်ခဲ့ကြသည်။

အခမ်းအနားဒုတိယပိုင်းကို ပြည်နယ်ဖွဲ့စည်းရေးကော်မတီအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်ရာ သဘာပတိအဖြစ် ဦးသိန်းထွန်းအောင်နှင့် အခမ်းအနားမှူးအဖြစ် ဦးဖုန်းမြတ်လင်းတို့က ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့အသစ်ကို အဆိုပြုခြင်း၊ ထောက်ခံခြင်းများဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် အမှုဆောင်သစ်အဖွဲ့တာဝန်ခွဲဝေပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူ ပြီးနောက် ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့**
**အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး ဩဂုတ် ၈**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လူထုအခြေပြုဗဟိုဌာန တောင်ကြီး ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဖြေဆိုသူပေါင်း ၂၂ ဦးရှိရာ ၈၃ ဦး အောင်မြင်ခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ရိုးရိုးအောင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ချီးမြှင့်ခဲ့ပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ရိုးရိုးအောင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၆၃၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီကလည်း တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ ဘောပင်၊ ခဲတံ၊ ခြင်းတောင်း၊ ရေဘူး၊ မိုးကာအင်္ကျီ စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၃၀၀၀၀ နှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးဝန်ထမ်း သက်သာချောင်ချိရေးရန်ပုံငွေမှ ငွေကျပ် ၁၅၅၃၀၀၀ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ နောင်နှစ်များတွင် ယခုနှစ်ထက်ပိုမိုချီးမြှင့်ပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်၊ လူရည်ချွန်လူရည်မွန်များဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။




ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့်ဇနီးတို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မောင်သူရိန်လင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# မင်းလှမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**မင်းလှ ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းကအမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ဝါငြိမ်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းကို ပြောကြားသည်။



ထို့နောက် ကလေးငယ်များကို ပေါင်ချိန်ပေးခြင်း၊ MUAC တိုင်းခြင်း၊ ဗီတာမင်(အေ)နှင့် သံချဆေးတိုက်ကျွေးခြင်း၊ မုန့်ပဲသရေစာများ ကျွေးမွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ဘီတာမင်ဘီဝမ်းဆေးပြားများတိုက်ကျွေးခြင်း၊ အိုင်အိုဒင်းဆား၊ ကြက်ဥများဖြန့်ဝေပေးခြင်းနှင့် နို့တိုက်မိခင်များကို ဗီတာမင်(အေ)ဆေးလုံးများတိုက်ကျွေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ပေါက်စ(မင်းလှ)**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့်၊ သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ

မောင်လူအေး (ရေစကြို)




ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်မှာ လူငယ်များဖြစ်ကြပါသည်။

အာဆီယံဒေသတွင်းရှိ လူဦးရေ ၆၅၄ သန်းအနက် ၃၄ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ်များဖြစ်သည်။ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ရာ နယ်ပယ်ကဏ္ဍပေါင်းစုံရှိ လူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် လူငယ်များ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပံ့ပိုးပေးခြင်းအားဖြင့် မျိုးဆက်များအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေသကဲ့သို့ ကြွံကြွံခံ ရင်ဆိုင်နိုင်စွမ်းရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် သဟဇာတဖြစ်သော လူမှုအသိုက်အဝန်းအား တည်ထောင်နိုင်ကာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်သည်။

**မျိုးဆက်သစ်လူငယ်များ၏ အရေးပါသည့်အခန်းကဏ္ဍ**

အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေသည်။ တိုင်းပြည်၏အခန်းကဏ္ဍအားလုံးတွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိသည်။ အနာဂတ်ကာလတွင် အသင့်ဖြစ်နေသည့် မျိုးဆက်သစ်လူငယ်များ၏အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြု၍လည်းကောင်း၊ လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို နိုင်ငံတကာအသိုက်အဝန်းမှ သိရှိနားလည်စေရန်လည်းကောင်း ရည်ရွယ်၍ ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်အမှတ် (၆၄/၁၃၄) ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုများအားလုံးက နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့် လူငယ်များအား အသိအမှတ်ပြုဂုဏ်ပြုခြင်း အခမ်းအနားများ ကျင်းပပြုလုပ်ရန် တိုက်တွန်းခဲ့ပြီး နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၂ ခုနှစ် **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့်ဆောင်ပုဒ်မှာ **“Intergenerational Solidarity: Creating a World for All Ages” “မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့်၊ သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ”** ဖြစ်ပြီး ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်စေရေးအတွက် မျိုးဆက်များ အချင်းချင်းကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သက်ရွယ်စုံပါဝင်သည့် ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီး ဖန်တီးပံ့ပိုးပေးနိုင်ရေး ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

မျိုးဆက်သစ်နှင့် မျိုးဆက်ဟောင်းများ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်ခြင်းအားဖြင့် အခက်အခဲအတားအဆီးများကို ကျော်လွှားနိုင်မည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမနေစေရေး သေချာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အခမ်းအနားကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အခမ်းအနားကို **“မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့်၊ သက်ရွယ်စုံညီကမ္ဘာသစ်ဆီ”** ဆောင်ပုဒ်ဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံ့ဝန်ထမ်းလူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ လူငယ်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်များ ပူးပေါင်းပါဝင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်အား အာဆီယံလူငယ်များနှစ်အဖြစ် သတ်မှတ်ထားရှိကာ “စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့”ဟူသော ဆောင်ပုဒ်ဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အာဆီယံလူငယ်များ ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

**ကဏ္ဍနယ်ပယ်ငါးရပ်**

လူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များမှတစ်ဆင့် လူငယ်များအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးပံ့ဖော်ပေးနိုင်ရေးအတွက် မျိုးဆက်များအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေမည့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များတွင် လူငယ်များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ကိုဗစ်-၁၉ ကာလအလွန် အာဆီယံ ပြန်လည်ကုစားရေး မူဘောင်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်များကို အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ကို အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးမှ ၂၀၂၁ ခုနှစ်တွင် အတည်ပြုပေးနိုင်ခဲ့ပြီး ယင်းလုပ်ငန်းအစီအစဉ်တွင် လူငယ်များအတွက် (၁) ပညာရေး၊ (၂) ကျန်းမာရေးနှင့် သာယာဝပြောမှု၊ (၃) အလုပ်အကိုင် အခွင့်အလမ်း၊ (၄) ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် (၅) အာဆီယံနှင့်ပတ်သက်၍ သိရှိနားလည်မှု၊ တန်ဖိုးထားမှုနှင့် ဝိသေသလက္ခဏာများ စသည့်ကဏ္ဍနယ်ပယ်ငါးရပ်ပါရှိပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၄ သန်းအနက် အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းသည် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ အသက် ၂၀ မှ ၂၄ နှစ်အတွင်းသည် ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ အသက်၂၅ နှစ်မှ ၂၉ နှစ်အတွင်းသည် ၈ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် အသက် ၃၀ မှ ၃၄ နှစ်အတွင်းမှာ ၇ ဒသမ ၇၅ ရာခိုင်နှုန်းရှိပေရာ မြန်မာနိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်းခန့်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ်များ ဖြစ်ကြပါသည်။

**အနာဂတ်ခေါင်းဆောင်များ**

သို့ဖြစ်ရာ အလုပ်လုပ်နိုင်သော လူငယ်ဦးရေအချိုးအစား များပြားခြင်းကြောင့် လူဦးရေဆိုင်ရာ ပညာရှင်များ၏ အဆိုအရ မြန်မာနိုင်ငံသည် “လူဦးရေဆိုင်ရာဆုလာဘ်” ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းလူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်၍ အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒအရ လူငယ်ဆိုင်ရာ အဓိကကဏ္ဍ ၁၆ ခု ဖော်ထုတ်ထားရှိရာ ၎င်းတို့မှာ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးနှင့် အခြားသောဘေးဖြစ်စေတတ်သည့်အန္တရာယ်များ၊ အားကစားနှင့် အပန်းဖြေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ အနုပညာနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့် နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး/ဘဝလုံခြုံရေး၊ ကျား/မ ညီမျှမှု၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး စသည့်ကဏ္ဍများဖြစ်သည်။

မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒအရ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ကို အဓိကဦးဆောင်သော ဝန်ကြီးဌာနများအဖြစ် သတ်မှတ်ထားရှိသော်လည်း လူငယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်များမှာ ကျယ်ပြန့်သည့်အပြင် အခြား ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းရပ်များ၊ ဆောင်ရွက်ချက်များ၊ ကဏ္ဍများနှင့် ဆက်စပ်လျက်ရှိသည့် cross-cutting ကဏ္ဍများဖြစ်ပေရာ အားလုံးပူးပေါင်းပါဝင်သော ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

**ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဖွဲ့စည်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များအား စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁.၈.၂၀၂၁) ရက်စွဲပါ အမိန့်အမှတ် (၁၅၁/၂၀၂၁)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အလားတူ (၂.၂.၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)၏ သဘောတူခွင့်ပြုချက်အရ လူငယ်ရေးရာဦးစီးဌာနအား အရာထမ်း ၃၆၉ ဦး၊ အမှုထမ်း ၁၅၁၁ ဦး စုစုပေါင်း ၁၈၈၀ ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အရာထမ်း ၃၃ ဦး၊ အမှုထမ်း ၁၆၅ ဦး စုစုပေါင်း ၁၉၈ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ❂

> **“အခြေခံအားကစားနည်းတစ်ရပ်ရပ်ကို လေ့လာလိုက်စားခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သည့်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး စနစ်တကျဆက်လက်လေ့ကျင့် ပြုစုပျိုးထောင်ပေးနိုင်ပါက အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရုံသာမက အနာဂတ်တွင် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး များစွာအထောက်အကူဖြစ်စေမည်”**

❂ စာမျက်နှာ ၆ မှ

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် (၃)ရပ်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀)တို့နှင့်အညီ မူဝါဒ(၇)ရပ်၊ ရည်မှန်းချက် (၇) ရပ်၊ လုပ်ငန်းစဉ် (၁၀) ရပ် ချမှတ်၍ ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ရေးရာဦးစီးဌာန အနေဖြင့် လူငယ်များ၏အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် လူငယ်များ၏အခွင့်အရေးများ ကာကွယ်ပေးသည့် ဥပဒေရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပါသည်။ လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်မှာ **“လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့”** ဖြစ်ပြီး လူငယ်များ၏ ငယ်ရွယ်နုပျိုသည့် ညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြင့်မားတိုးတက်အောင် အလင်းဆောင်ပေးနိုင်ရေး ရည်ရွယ်ခြင်းဖြစ်သည်။

လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်သည့် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၂၄.၆.၂၀၂၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၂)၊ (၁၁၂/၂၀၂၂)၊ (၁၁၃/၂၀၂၂) တို့ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ လူငယ်မျိုးဆက်သစ်များ အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများ အပြည့်အဝရရှိစေရေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်သည်။

**အာဆီယံလူငယ်ဆိုင်ရာရန်ပုံငွေ**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် အာဆီယံ လူငယ်ဆိုင်ရာ လုပ်ငန်းများဖြစ်သည့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting on Youth–SOMY)၊ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (ASEAN Ministerial Meeting on Youth–AMMY)၏ တာဝန်ဝတ္တရားများကိုလည်း ဗဟိုချက်ဌာနအဖြစ် ၂၀၂၂ ခုနှစ် မတ်လမှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အာဆီယံလူငယ်ရေးရာ လုပ်ငန်းအစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Work Plan on Youth 2021–2025) အပေါ် အတည်ပြုထောက်ခံချက် ပေးပို့ခဲ့ပြီးဖြစ်သကဲ့သို့ အာဆီယံလူငယ်ရေးရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံလူငယ်ဆိုင်ရာရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို အခြားအာဆီယံနိုင်ငံများနည်းတူ နှစ်စဉ်ထည့်ဝင်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွက် နှစ်စဉ်ကြေးကို ၂၀၂၂ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ထည့်ဝင်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာလူငယ်များ အပါအဝင် အာဆီယံလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် ဒုတိယအကြိမ်မြောက် အာဆီယံလူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်းများ၏ ဦးစားပေး နယ်ပယ်/ ကဏ္ဍများနှင့် အညွှန်းကိန်းများကို ၁၁.၃.၂၀၂၂ ရက်နေ့တွင် ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၂၄.၃.၂၀၂၂ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း အကြံပြုပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်း အစီအစဉ် ၂၀၂၅ ပါ လူငယ်များ၏အခွင့်အရေးများကို မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည့် ရည်မှန်းချက်နှင့်အညီ မြန်မာလူငယ်များ အောက်ဖော်ပြပါ အာဆီယံဒေသအဆင့် ဆွေးနွေးပွဲများ၊ ညီလာခံများ၊ အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်ရည်ရွယ်၍ နေ့စဉ်ထုတ်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းမီဒီယာများမှတစ်ဆင့် အဆိုပါပြိုင်ပွဲများနှင့် အစီအစဉ်များကို အသိပေးဖြန့်ဝေပေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်–

(၁) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ်၊
(၂) လန်ချန်း–မဲခေါင် လူငယ်စွန့်ဦးတီထွင်သူများ တွေ့ဆုံပွဲ၊
(၃) ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့နှင့် အာဆီယံဒေသတွင်း ညီလာခံ၊
(၄) အာဆီယံ–ဩစတြေးလျ လူငယ်စိတ်ကျန်းမာရေးစကားဝိုင်း၊
(၅) ဒုတိယအကြိမ် တရုတ်–အာဆီယံလူငယ်ပန်းချီပြပွဲ ၂၀၂၂၊
(၆) အာဆီယံလူငယ်စကားဝိုင်း ၂၀၂၂ (ASEAN Youth Debate 2022)၊
(၇) ပထမအကြိမ် အာဆီယံလူငယ်စကားဝိုင်း(၂၀၂၂) (The First ASEAN Youth Dialogue 2022) (ကမ္ဘောဒီးယားနိုင်ငံ)၊
(၈) အာဆီယံလူငယ် ဓာတ်ပုံပြိုင်ပွဲ၊
(၉) အီး–အာဆီယံ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် (ထိုင်းနိုင်ငံ)၊
(၁၀) အာဆီယံလူငယ် ဗီဒီယိုပြိုင်ပွဲ၊
(၁၁) အာဆီယံ ဒစ်ဂျစ်တယ်နည်းပညာစွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်၊
(၁၂) အာဆီယံ + စေတနာ့ဝန်ထမ်းလူငယ်များ တွေ့ဆုံပွဲအစီအစဉ် (ဗီယက်နမ်နိုင်ငံ)၊
(၁၃) အာဆီယံလူငယ်မိတ်ဖက် တွေ့ဆုံပွဲ (စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ)၊
(၁၄) အာဆီယံဘာသာပေါင်းစုံ လူငယ်များတွေ့ဆုံပွဲ (အင်ဒိုနီးရှားနိုင်ငံ)၊
(၁၅) (၉)ကြိမ်မြောက် အာဆီယံ–ကိုရီးယား စီးပွားရေးဖိုရမ်၊

အာဆီယံ ခေါင်းဆောင်များ၏ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် လူငယ်များ၏အခန်းကဏ္ဍနှင့်စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ အပါအဝင် စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းသွားရန် ကတိကဝတ်နှင့်အညီ မြန်မာလူငယ်များ၏ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး နေ့စဉ်ထုတ်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းမီဒီယာများမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိသည့်အပြင် ပြိုင်ပွဲကျင်းပရေးကော်မတီများနှင့် အစီအစဉ်အား ဦးစီးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အတည်ပြုပြဋ္ဌာန်းမည့် “အာဆီယံလူငယ်နှစ် ၂၀၂၂ ခုနှစ်တွင် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ခြင်းဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး”အာဆီယံခေါင်းဆောင်များ၏ကြေညာချက်အပေါ် သဘောထားမှတ်ချက်ပေးပို့နိုင်ခဲ့ပါသည်။

**နိုင်ငံတော်၏ပကတိအခြေအနေမှန်**

၅.၅.၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် နည်းပါးနေသည်ကိုတွေ့ရကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် အချို့သော မြန်မာလူငယ်များ၊ အချို့သော ပြည်ပအခြေပြု မြန်မာအသိုက်အဝန်းများ အနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ကင်းမဲ့စွာဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို မသိရှိဘဲ နိုင်ငံရပ်ခြားမှနေ၍ တိုင်းပြည်ပျက်စီးအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန်၊ မြန်မာဟူသောစိတ်ရှိရန် သင်ကြားဆွေးနွေးလေ့ကျင့်ပေးရန် လိုအပ်ကြောင်း” လမ်းညွှန်မှာကြားသွားပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများက လူငယ်လူရွယ်များ အကျင့်စာရိတ္တမြင့်မားစေရေး၊ ပြည်သူ့နီတိကို လေးစားလိုက်နာပြီး ယဉ်ကျေးလိမ္မာမှုရှိစေရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်း ယဉ်ကျေးလိမ္မာ ၃၈ ဖြာ မင်္ဂလာအစီအစဉ်၊ လူငယ်မျိုးဆက်သစ်အစီအစဉ်၊ အသိပညာနှင့် အမှန်တရားနှင့် ပြည်သူ့နီတိ ဇာတ်လမ်းတိုများကို ထုတ်လွှင့် ပြသပေးလျက်ရှိပါသည်။ အလားတူ မြန်မာ့အသံ(ရေဒီယို)မှလည်း လူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ပန်းဥယျာဉ် ပညာပေးဇာတ်လမ်းတို၊ လူငယ်မှတ်သားသုတစကား ဟောပြောချက်နှင့် လူငယ်နှင့် ပညာရေးအင်တာဗျူးအစီအစဉ်များကို တစ်ပတ်လျှင် နှစ်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

လူငယ်များ အကျင့်စာရိတ္တမြင့်မားစေရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် ၂၀၂၂ ခုနှစ် မတ်လမှ ဇူလိုင်လအထိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကိုနေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိမြို့နယ်ပေါင်း ၂၂၁ မြို့နယ်တွင် ဟောပြောပွဲပေါင်း အကြိမ် ၂၉၀ ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ဆယ်ကျော်သက်လူငယ် စုစုပေါင်း ၅၇၆၈၁ ဦး တက်ရောက်ခဲ့ပါသည်။

ထိခိုက်လွယ်သော လူငယ်များ အုပ်စုတွင်ပါဝင်သည့် ပရဟိတဂေဟာများမှ လူငယ်များအတွက် ဒေသန္တရဗဟုသုတများ ရရှိစေရေး၊ လူငယ်များအကြား အတွေ့အကြုံဗဟုသုတများ ဖလှယ်နိုင်ရေး၊ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးအတွက် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)နှင့် အဝါရောင်မျိုးဆက်သစ် ပရဟိတအသင်း (YGW)မှ လူငယ်များ၏ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်း တစ်နေ့တာလေ့လာရေးခရီးစဉ်အား ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ယင်းအပြင် လူငယ်များ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်စေရေးအတွက် လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ ဝင်ငွေရ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်များ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကင်းထောက်လူငယ်၊ လေကြောင်းလူငယ်၊ ကြက်ခြေနီစေတနာ့ဝန်ထမ်းနှင့် ယဉ်ကျေးလိမ္မာ စသည့်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

ယင်းအပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး အသိဉာဏ်ပညာ ထက်မြက်စေရန်ရည်ရွယ်ပြီး နွေရာသီ အားကစားသင်တန်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။

**နိုင်ငံ့ဂုဏ်ဆောင်**
**ထူးချွန်အားကစားသမားများ**

အခြေခံ အားကစားနည်းတစ်ရပ်ရပ်ကို လေ့လာလိုက်စားခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သည့်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး စနစ်တကျ ဆက်လက်လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ပါက အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ နွေရာသီ အခြေခံ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရုံသာမက အနာဂတ်တွင် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနသည် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်၏ နယ်ပယ်စုံတွင် လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များ၏ အရေးပါသောကဏ္ဍကို ချန်လှပ်မထားဘဲ အဘက်ဘက်မှ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ် များအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်သည်နှင့်အညီ အနာဂတ်ကြယ်ပွင့်ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေရာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအပါအဝင် မျိုးဆက်သစ်၊ မျိုးဆက်ဟောင်းများ၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အနာဂတ်တွင် ကျန်းမာကြံ့ခိုင်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သော လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပေရာ ဘက်စုံထူးချွန်သော ယင်းလူငယ်များ၏ စွမ်းပကားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး သက်ရွယ်စုံညီပါဝင်သော၊ လူမှု–စီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်သော၊ သဟဇာတဖြစ်သော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ဖန်တီးပုံဖော်ပေးနိုင်မည်ဖြစ်ပါကြောင်းတင်ပြရင်း **၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့**ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော် အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲ အုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တို့မှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများက လည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြု လုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရပ်စောက်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်း ဩဂုတ် ၇ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရပ်စောက်မြို့ ဇော်ဂျီချောင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဇော်ဂျီရပ်ကွက်ရှိ နယ်မြေ (၁)၊ နယ်မြေ(၂)၊ နယ်မြေ(၃)နှင့် ဥတ္တံတားရပ်ကွက်တို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေရာသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေဘေးသင့်ပြည်သူများအား ရပ်စောက်မြို့ရှိ အားကစားခန်းမသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်ချုပ်နီလင်းအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင်သွားရောက်ကြည့်ရှုအားပေးသည်။ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၄၃ စုတို့အတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး အဆိုပါရေဘေးသင့်ပြည်သူများကို နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေညောင်-ရပ်စောက်ကားလမ်း မိုင်တိုင်အမှတ်(၁၀ မိုင် ၆ ဖာလုံ)နှင့် (၁၁) မိုင်ကြားရှိ ဆင်တဲချောင်းမှ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းမကြီးပေါ်နှင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့ ရေကြီးရေလျှံမှုဖြစ်ပေါ်

**တာချီလိတ် ဩဂုတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ် ၇ ရက် ညနေပိုင်းနှင့် ဩဂုတ် ၈ ရက် နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေကြောင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်နှင့် မြေနိမ့်ရပ်ကွက် အချို့တွင် ယနေ့နံနက်အစောပိုင်းမှစ၍ ယနေ့ နံနက် ၁၁ နာရီအထိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**သွားလာရခက်ခဲ**

ထို့ပြင် ပုန်းထွန်ရပ်ကွက် လွယ်တော်ခမ်းကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး လမ်းဘေးဝဲ၊ယာရှိမြေသားများမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူသွားလမ်းပေါ်သို့ ပြိုကျလာကာ သွားလာရခက်ခဲလျက်ရှိကြောင်း သိရသဖြင့် စစ်ဗျူဟာအဖွဲ့ (အခြေချ) ဗိုလ်မှူးကြီးမင်းမင်းထွန်း ဦးဆောင်သော တပ်မတော်သားများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင် ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဌာနမှတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက စက်ယန္တရားများအကူအညီဖြင့် အချိန်မီသွားရောက်ဖယ်ရှားပေးခဲ့သဖြင့် ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်လာသည့်အခါ အရေးပေါ်ရွှေ့ပြောင်း ကယ်ဆယ်နိုင်ရေးအတွက် အသက်ကယ်လှေများ၊ ပစ္စည်းများရွှေ့ပြောင်းရန်အတွက် ပရဟိတအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အရန်သင့်စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ဥသျှစ်ပင်မြို့၌ တစ်ထပ်သိပ္ပံကျောင်းဆောင်သစ်တည်ဆောက်နေမှု ၅၀ ရာခိုင်နှုန်းကျော် ပြီးစီး

**ပန်းတောင်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ဆောက်လုပ်လျက်ရှိသော တစ်ထပ်သိပ္ပံကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်**

တစ်ထပ်သိပ္ပံကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၇၂ သန်းဖြင့် အလျား ပေ ၉၀ ၊ အနံ ပေ ၃၀ ကို တင်ဒါအောင် မိုးစက်ရွှေကုမ္ပဏီ ပြည်မြို့မှ ဆောက်လုပ်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီ ဖြစ်သည်။ အဆိုပါ တစ်ထပ်သိပ္ပံကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အတူ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၃ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# ရခိုင်ပြည်နယ်၌ ရေချိုငါးမြစ်ချင်း ဧက ၁၀၀၀ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရန် ရည်မှန်းဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၈

**ရခိုင်ပြည်နယ် မင်းပြား-ပေါက်တောကားလမ်းဘေး ချောင်းရှည်ရွာရှိ ငါးသားဖောက်စခန်းတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ဩဂုတ်လပထမပတ်မှစတင်၍ ငါးမြစ်ချင်းသားဖောက်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ရေချိုငါးမြစ်ချင်းဧက ၁၀၀၀ တွင်မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကရေချိုထွက်ကုန်အဖြစ်တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။**

နိုင်ငံတော်မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အားဖြည့်ကြိုးပမ်းမှုဖြင့် ရေချိုငါး/ပုစွန် မွေးမြူမှုနည်းသောနေရာ၌ ဝယ်လိုအားရှိနေသော ငါးမြစ်ချင်းကို အနီးဆုံးဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ တင်ပို့နိုင်ရန် ရှေ့ပြေး Pilot Project အနေဖြင့် ငါးမွေးမြူရေးဇုန်ကို စတင်ဆောင်ရွက်ခြင်းဖြစ်သည်။



### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ရေချိုမွေးမြူရေးဧက ၁၀၀၀ နှင့် ရေငန်မွေးမြူမှုဧက ၁၅၀၀ ဖြင့် ဧက ၂၅၀၀ ရေချို/ရေငန်မွေးမြူရေး ကဏ္ဍတွင် ရေချိုမွေးမြူရေးကို ကနဦးအကောင်အထည်ဖော်ခြင်းဖြစ်ပြီး ဒေသခံမွေးမြူရေးတောင်သူများ စိတ်ဝင်စားပါက တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီမှ နည်းပညာနှင့် အရင်းနှီးစိုက်ထုတ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးကန် ဧက ၁၀၀၀ မှထွက်ရှိသော ငါးမြစ်ချင်းကို အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ပြီး ရေချိုငါးဈေးကွက်ကြီးတစ်ခုပေါ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေပြင်တွင် ရေချို/ရေငန် အမှန်တကယ်မွေးမြူမှု အဆင်ပြေစေရန် ပြည်နယ်အစိုးရက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေချိုမွေးမြူရေးဇုန်၌ ပထမနှစ်တွင် ငါးမြစ်ချင်း ဧက ၁၀၀ မှစ၍ နှစ်စဉ်ဧက ၁၀၀ တိုးမြှင့်မွေးမြူသွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်ထားသော ငါးသားဖောက်စခန်း တည်ရှိသည့်အတွက် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးမြစ်ချင်းသားပေါက်မှာယူရန်မလိုဘဲ လိုအပ်သော ငါးသားပေါက်ကို လွယ်ကူစွာရရှိပြီး မွေးမြူရေးကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

"မင်းပြားနဲ့ ပေါက်တောကားလမ်းဘေးက ချောင်းရှည်ဆိုတဲ့ရွာမှာ ပြည်နယ်ဘတ်ဂျက်နဲ့ ငါးသားဖောက်စခန်းတစ်ခု တည်ဆောက်ထားတယ်။ အခုသားဖောက်နေပြီဆိုတော့ လာမယ့်လမှာ ငါးသားပေါက် စပြီးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ကနဦးကောင်ရေနှစ်သိန်း၊ သုံးသိန်းစဖောက်ပြီးတော့ နောက်ပိုင်း ပိုပြီးသားဖောက်သွားဖို့ရှိပါတယ်။ ဒီမှာ ရေချိုမွေးမြူမှုက နည်းတယ်။ ဈေးကွက်တစ်ခုကို တင်ပို့နိုင်ဖို့မရှိဘူး။ ဒါကြောင့်ရေချို/ရေငန်မွေးမြူရေးဇုန်ကနေ ဒေသခံတွေအလုပ်အကိုင်ရရှိစေပြီး နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရရှိစေမယ့် ငါးမြစ်ချင်းမွေးမြူမှုမှာ ငါးသားပေါက်ရရှိမှုဟာ အရေးပါတာကြောင့် အခုလိုပြည်နယ်အစိုးရရဲ့ ပံ့ပိုးမှုနဲ့ သားဖောက်စခန်း တည်ဆောက်နိုင်မှုကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ရေချိုပုစွန်ထုပ်ကိုလည်း ငါးနဲ့ရောနှော မွေးတဲ့စနစ်ကို ဆက်ပြီးအကောင်အထည်ဖော်သွားမှာပါ။ ဒါဟာလည်း သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ စိုက်ပျိုးမွေးမြူမှုကို အားပေးတဲ့အကျိုးကျေးဇူးကြောင့်ပါ" ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းတင်ပို့ရာတွင် ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တင်ပို့နေသော သယ်ယူစရိတ်နှင့် ကုန်ပစ္စည်းအရည်အသွေးကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ရေချိုစားသုံးမှုနည်း၍ မွေးမြူမှုနည်းသော ရခိုင်ပြည်နယ်၌ ပြည်ပပို့ကုန်အတွက် ယခုလို ရေချိုငါးမွေးမြူထုတ်လုပ်နိုင်မှုမှာ ပြည်နယ်ဖွံ့ဖြိုးဝင်ငွေတိုးစေမည့် အစီအမံကောင်းတစ်ခုဖြစ်သည်။

ငါးမြစ်ချင်းကို ပြည်ပပို့ကုန်အတွက် နှစ်နှစ်မွေးမြူလေ့ရှိပြီး ပထမတစ်နှစ်တွင် သားပေါက်မှ ငါးဖြန်းအရွယ်၊ ဒုတိယနှစ်တွင် ငါးဖြန်းမှရောင်းတန်းဝင် နှစ်ကီလိုကျော်အရွယ် မွေးမြူသည်။ ပို့ကုန်အလျှင်မီစေရန် စတင်မွေးမြူစဉ် တစ်လ၊ နှစ်လအတွင်း အသုတ်လိုက်ခွဲ၍ မွေးမြူထုတ်လုပ်မှုလည်ပတ်နိုင်ရန် မွေးမြူလေ့ရှိပြီး ရခိုင်ပြည်နယ်တွင် ရေချိုငါးမြစ်ချင်း ဧက ၁၀၀၀ မွေးမြူမှုနှင့်အတူ ရေငန်မွေးမြူထုတ်လုပ်ရေးကိုလည်း တစ်ပြိုင်တည်း ဟန်ချက်ညီစွာ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ခန္တီးမြို့၌ စာအုပ်စာစောင်ပြပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ပြုလုပ်

ခန္တီး ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ လူငယ်ဘက်စုံဖွံ့ဖြိုးတက်ရေးအစီအစဉ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး စာအုပ်စာစောင်ပြပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ(မြို့မ)၌ ပြုလုပ်ခဲ့သည်။



ထို့နောက် အခမ်းအနားကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိမ်းလဲ့လဲ့က စာတတ်ဖို့ တင်မက ပညာတတ်ဖို့ပါလိုသည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်အားကစားမှူး ဦးစိုးအောင်က လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောခဲ့ကြပြီး အားကစားမှူးက အထကခွဲ(မြို့မ)ကျောင်းအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့စံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များအား ကျောင်းသား ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဩဂုတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ အနော်မာရုံကွင်းကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ရေငုံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိကျောင်းသစ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ နတ်ရေကန် သောဘိတာရာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မဟာဝိနရကာရီကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်း၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

လက်ပံတန်း ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ကျင်းပသည်။



### တိုက်ကျွေး

အဆိုပါအခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းက မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာထင်ဇော်က အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောကြပြီး တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ရင်သွေးငယ်များအား ဗီတာမင်အေ၊ ကိုယ်ဝန်ဆောင် အားဆေးများတိုက်ကျွေးကာ သန်ချဆေးများ၊ အိုင်အိုဒင်းဆား၊ အိုဗာတင်းအထုပ်များ ပေးဝေကြကြောင်း သိရသည်။

**အောင်ဆင့်**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးစပါး စိုက်ဧက သုံးသောင်းကျော် စိုက်ပျိုးပြီးဖြစ်

ဖောင်းပြင် ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်မှ တောင်သူများအနေဖြင့် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧကပေါင်း ငါးသောင်းကျော် စိုက်ပျိုးနိုင်ရန် လျာထားပြီး လက်ရှိမြေပြင်တွင် ၃၁၂၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဖောင်းပြင်မြို့နယ်၏ နယ်မြေဒေသအခြေအနေအရ ယခုနှစ် မိုးစပါးကို ရိုးရိုးစိုက်ခြင်း၊ တိုက်ရိုက်အစေ့ချစိုက်ခြင်းများဖြင့် စိုက်ပျိုးကြပြီး ဧရာမင်းစပါး ၁၂၄၃၅ ဧက၊ ဆင်းဧကရီ ဧက ၃၉၄၅၀၊ မော်ဘီဧက ၃၃၀၀၊ ရွက်သေး ဧက ၅၄၀၊ ကောက်ညှင်း ဧက ၉၅၀ နှင့် အခြားအထွက်ကောင်း စပါးမျိုးဧက ၄၅၅၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန်အတွက် ရေရရှိရေးနည်းလမ်းများအနေဖြင့် ချောင်းရေ၊ မြောင်းရေ၊ သဘာဝဝင်ရေ၊ မိုးကောင်းသောက်နှင့် အခြားဆည်ကန်တို့ကို အသုံးပြုစိုက်ပျိုးထားကြောင်း တောင်သူများအနေဖြင့် မိုးစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာသီအကုန်တွင် စိုက်ဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ကြရန် မျှော်မှန်းထားကြောင်း သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

## မယ်ဆိုင်မြစ်ရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၈။ ယနေ့ညနေ ၅ နာရီအချိန် တိုင်းထွာချက်အရ မယ်ဆိုင်မြစ်ရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မယ်ဆိုင်မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး၊ဇလ**

# သဘာဝဘေးအန္တရာယ်သတိပြု ကြိုတင်ပြင်ဆင်ကာကွယ်

**အောင်ထက်လင်း (ကြိမ်ချောင်း)**

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်နေကြရရာ မြန်မာနိုင်ငံသည်လည်း အပါအဝင် ဖြစ်သည်။ မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်း စသည့်ပြောင်းလဲမှုများကြောင့် မုတ်သုံကာလရက်ပေါင်း ၂၁ ရက်ခန့် တိုတောင်းလာသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော လူမှုစီးပွားဘဝကိုမြင့်တင်လျက်ရှိရာ မုတ်သုံကာလတိုတောင်းမှုသည် မုတ်သုံမိုးကို မှီခိုနေရသည့် စိုက်ပျိုးရေးလုပ်ငန်းများကို အခက်အခဲဖြစ်စေသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစ၍ မုတ်သုံကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဓိကမြစ်ကြီးများတွင် နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်မှာ ရာသီဥတုပြောင်းလဲခြင်း၏ ထင်ရှားသောသာဓကဖြစ်သည်။

**လွန်ခဲ့သောနှစ်ပေါင်း ၁၃၀**

မြန်မာနိုင်ငံသည် မုန်တိုင်းအန္တရာယ်အနည်းဆုံးနိုင်ငံဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်တိုင်းလည်း မြန်မာနိုင်ငံတွင် အန္တရာယ်မရှိကြောင်း သိရသည်။ မြန်မာ့ကမ်းရိုးတန်းသို့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မှုကို လေ့လာရာတွင် မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့် မေလတို့ထက် မိုးလွန်ကာလဖြစ်သည့် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မှု ပိုမိုများပြားကြောင်း သိရသည်။ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် မိုးကြိုကာလနှင့် မိုးလွန်ကာလများကို မုန်တိုင်းရာသီအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မုတ်သုံကာလအတွင်း မုန်တိုင်းဖြစ်ခဲ့လျှင် မုတ်သုံအင်အားကောင်းစေကာ မိုးပိုမိုရရှိစေပါသည်။ ဖြစ်ပွားသည့်မုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းကို တည့်တည့်မတ်မတ်ဖြတ်ပြီဆိုလျှင် ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပွားမှုများမှာ တစ်နှစ်ထက်တစ်နှစ်လျော့နည်းလျက်ရှိကြောင်း သိရသည်။ မုန်တိုင်းအကြိမ်ရေ နည်းသွားသော်လည်း မုန်တိုင်းဖြစ်ပွားပြီး မြန်မာ့ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်ပြီဆိုလျှင်လည်း အင်အားကြီးမုန်တိုင်းများအဖြစ်သို့ ရောက်ရှိတတ်သည်။ မုန်တိုင်းဖြစ်ပေါ်မှုသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ အတွင်း တစ်ကြိမ်မျှ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိသော မတ်လအတွင်း ဖြစ်ပေါ်ခဲ့ခြင်း၊ မုန်တိုင်းအဖြစ်နည်းသော ဇရိယာဖြစ်သည့် ကပ္ပလီပင်လယ်ပြင်တွင် အစပျိုးဖြစ်ပွားခဲ့သည်။

မုန်တိုင်းဖြစ်ပေါ်မှု သတင်းနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများစွာအချိန်ရရှိခဲ့သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများသည် ၂၁ ရာစုအစပိုင်းမှစတင်ကာ သိသိသာသာ ထင်ရှားလာခဲ့သည်။ ရာသီဥတုပုံမှန်မဟုတ်ဘဲ ပြောင်းလဲဖောက်ပြန်မှုတွင် အပူလှိုင်းများကျရောက်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်ကျရောက်မှုများမှာ ပြင်းထန်လာပြီး ဖြစ်ပေါ်မှုအကြိမ်အရေအတွက်မှာလည်း ပိုမိုများပြားလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ထိခိုက်ခံစားနေကြရသည့်အနက် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် အခြေအနေမြင့်မားသည့်နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပူပြင်းခြောက်သွေ့သော မိုးကြိုကာလဖြစ်ပြီး မကြာမီရာသီအကူးအပြောင်းနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်သတိထားကြရမည်ဖြစ်သည်။



မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ မြေပြိုမှုဖြစ်ပွားရာနေရာကို ဝေဟင်မှတွေ့ရစဉ်။ (မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့)

**သမိုင်းဝင်သည့်သဘာဝဘေးအန္တရာယ်ကြီး**

ကမ္ဘာကြီးအပူချိန်တိုးလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုများက မြန်မာနိုင်ငံကိုလည်း သက်ရောက်စေခဲ့ရာ မိုးလေဝသမှတ်တမ်းများအရ ၁၉၇၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားတွင် နွေရာသီအပူချိန်များ သိသာစွာမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အပူချိန်က ပင်လယ်သမုဒ္ဒရာရေပြင်များနှင့် ကုန်းမြေတို့အပေါ်တွင်လည်း သက်ရောက်စေသည့်အတွက် မုန်တိုင်းများဖြစ်ပေါ်စေနိုင်သည့် အခြေခံအကြောင်းတရားဖြစ်ရာ မိုးကြိုကာလမုန်တိုင်းအန္တရာယ်ကို သတိရှိနေရမည်ဖြစ်သည်။ **၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဝင်ရောက်တိုက်ခတ်သွားခဲ့သည့် အင်အားအလွန်ပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ဧပြီလ ၂၈ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး မေလ ၁ ရက်နေ့တွင် ရောမမုန်တိုင်းကြီးအဖြစ်ရောက်ရှိသွားကာ မေလ ၂ ရက်နေ့တွင် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ နှုန်းဖြင့် ကုန်းမြေဆီသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရခဲ့သည့်အပြင် နောက်ဆက်တွဲ လူမှုဒုက္ခများစွာတို့မှာ မကြုံစဖူးကြီးမားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငွေ ထရီလီယံ ၁၁ ဒသမ ၇ အထိရှိခဲ့ရာ သမိုင်းဝင်သည့် သဘာဝဘေးအန္တရာယ်ကြီးဖြစ်သည်။**

မြန်မာနိုင်ငံအနေဖြင့် လေမုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်ပေါ်တတ်သည့် ရုတ်တရက်ရေကြီးခြင်း၊ တောင်ကျရေကျဆင်းခြင်း၊ မြေပြိုခြင်း၊ မြစ်ရေကြီးခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရာသီအလိုက် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် သဘာဝဘေးအန္တရာယ်များအဖြစ် ကြိုတင်ပြင်ဆင်ကာ ဘေးအန္တရာယ်လျော့ပါးသက်သာရေးအတွက် အစိုးရက စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နှစ်စဉ်တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့လျက်ရှိသည်။ ကြိုတင်ခန့်မှန်းနိုင်သော အမျိုးအစားများရှိသလို မခန့်မှန်းနိုင်သောသဘောမျိုးလည်းရှိတတ်သည်ကို သတိမူရမည်ဖြစ်သည်။ မိုးလေဝသသတင်းများနှင့် သဘာဝပတ်ဝန်းကျင်ကို သတိပြုအလေးထားပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

**မိုးလေဝသသတင်းအချက်အလက်များ**

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင်ဆိုလျှင် မုတ်သုံမိုးသည်းထန်ပြီး ရေကြီးရေလျှံမှုများကြောင့် လူသန်းနှင့်ချီ၍ ရေဘေးရှောင်ကြရပြီး နောက်ထပ်သန်းပေါင်းများစွာတို့မှာလည်း ရေဘေးအန္တရာယ်ခြိမ်းခြောက်မှုကို ခံနေရခြင်းနှင့် ရေဘေးကြောင့် လူ့အသက်ဆုံးရှုံးမှုတို့ဖြစ်ပေါ်နေကြောင်း သတင်းများတွင် တွေ့ရှိရသည်။ မိုးကြီးသည့် ရာသီဥတုဖြစ်စဉ်သည် မြစ်ချောင်းများတွင် ရေကြီးရေလျှံခြင်း၊ တောင်ကျရေကျဆင်းပြီး ဒေသအချို့တွင် ရုတ်တရက်ရေကြီးခြင်း၊ တောင်ပြို၊ မြေပြိုခြင်း၊ မြစ်ကမ်းပါးများပြိုခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ဆက်တိုက်ဖြစ်ပေါ်စေသည့် မြန်မာနိုင်ငံသည် ပထဝီအနေအထား၊ မြေပြင်အနေအထားတို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် အလားအလာ မြင့်မားသည့်နိုင်ငံဖြစ်သည်။ နှစ်စဉ် မုတ်သုံမိုးနှင့်အတူ မြစ်ရေမြင့်တက်မှုမှာ ပုံမှန်ဖြစ်စဉ်ဖြစ်သော်လည်း လာနီညာသက်ရောက်မှုကြောင့် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး မိုးရွာသွန်းမှုပိုမိုနိုင်ခြင်းကြောင့် ရေကြီးသည့်အန္တရာယ်ဖြစ်လာနိုင်ဖွယ်ရှိသည်။ မိုးကြိုမိုးနှောင်းကာလများသည် ရာသီအပြောင်းအလဲများနှင့်အတူ မိုးလေဝသဖြစ်စဉ်များ ထူးထူးခြားခြား ဖြစ်ပေါ်လေ့ရှိသည့်ကာလများဖြစ်သည့်အလျောက် ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် ရေယာဉ်များဖြင့် သွားလာရာတွင်လည်းကောင်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ကိုင်ရာတွင်လည်းကောင်း မီဒီယာအမျိုးမျိုးမှ တစ်ဆင့် အသိပေးထုတ်ပြန်ကြေညာလျက်ရှိသည့် မိုးလေဝသ သတင်းအချက်အလက်များကို ဂရုတစိုက်စောင့်ကြည့်ရန် လိုအပ်သည်။

မုန်တိုင်းဝင်ရောက်ပါက မုန်တိုင်းဒီရေအမြင့်ဆုံးဖြစ်တတ်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ မုန်တိုင်းဝင်ရောက်သည့်ဒေသသည် ရေတိမ်ဒေသ၊ ပင်လယ်အော်အဝဘက်၊ ရေထချိန်၊ လူနေထူထပ်မှု၊ ကမ်းရိုးတန်းကို ထောင့်မှန်ကျဝင်ရောက်မှု၊ မြစ်လက်တက်များသည့်ဒေသ စသည့်အချက်များနှင့်ကိုက်ညီလျှင် အသေအပျောက်၊ အပျက်အစီး ပိုမိုများပြားနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မုန်တိုင်းသတင်း၊ မုန်တိုင်းသတိပေးချက်များကို နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့က အသိအမှတ်ပြုထားသော မိုးလေဝသအထူးဝက်ဘ်ဆိုက်များမှ ခန့်မှန်းချက်များကိုသာ ယုံကြည်စွာ စောင့်ကြည့်ရမည်ဖြစ်သည်။

**ရာစုနှစ်တစ်ခုအတွင်း ထူးထူးခြားခြားဖြစ်ပေါ်**

မုန်တိုင်းဖြစ်ပေါ်သည်နှင့် မုန်တိုင်းအခြေအနေသတင်းများကို နိုင်ငံပိုင်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မိုးလေဝသနှင့်ဇလဗေဒဌာနမှ အသိပေးထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်ဂရုစိုက်နားထောင်မှတ်သားရန် လိုအပ်သည်။ မုန်တိုင်းဒဏ်ခံနိုင်သောနေရာ၊ အဆောက်အအုံများကို ကြိုတင်ရွေးချယ်ထားဖို့လိုသည်။ မုန်တိုင်းကျရောက်တော့မည်ဆိုပါက လိုအပ်သော သောက်သုံးရေ၊ အစားအစာ၊ အဝတ်အထည်စသည့် ပစ္စည်းများကို ကြိုတင်ပို့ဆောင် စုဆောင်းထားရန်လိုသည်။ မုန်တိုင်းဗဟိုချက်မှ ဖြတ်သန်းသွားပြီးနောက် နာရီဝက်အတွင်း ပိုမိုပြင်းထန်သောလေတိုက်ခတ်တတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အချို့သော မုန်တိုင်းကြီးများသည် ရာစုနှစ်တစ်ခုအတွင်း ထူးထူးခြားခြားဖြစ်ပေါ်လာတတ်သည်ကို သတိပြုဖို့လိုသည်။ ပြည်သူများအနေဖြင့် နေထိုင်ရာဒေသများတွင် မိမိတို့ဘဝသက်တမ်းတစ်လျှောက်၌ ကြီးမားသော မုန်တိုင်းအန္တရာယ်ကို မကြုံတွေ့ခဲ့ဖူး၍ မုန်တိုင်းကို ပေါ့ပေါ့ဆဆမနေထိုင်ကြဘဲ သက်ဆိုင်ရာမှ သတိပေးချက်များကို ဂရုပြုလိုက်နာရမည်ဖြစ်သည်။

မုန်တိုင်းအန္တရာယ်ကျရောက်ပါက ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများသည် များစွာအရေးပါသည်။ အသိနှင့်သတိကိုထားရှိကာ ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်တစ်ရပ် ရိုက်ခတ်ပြီးနောက်ပိုင်း ထိခိုက်ခံစားခဲ့ရသော လူ့အသိုင်းအဝိုင်းအသီးသီးတို့ ပုံမှန်ဘဝသို့ လျင်မြန်စွာပြန်လည်ရောက်ရှိနိုင်ရေးအတွက် အမြော်အမြင်ရှိသည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ မရှိမဖြစ်လိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**"ရာသီဥတုပြောင်းလဲမှုကြောင့် အချို့သောမုန်တိုင်းကြီးများသည် ရာစုနှစ်တစ်ခုအတွင်း ထူးထူးခြားခြားဖြစ်ပေါ်လာတတ်သည်ကို သတိပြုဖို့လိုသည်။ ပြည်သူများအနေဖြင့် နေထိုင်ရာဒေသများတွင် မိမိတို့ဘဝသက်တမ်းတစ်လျှောက်၌ ကြီးမားသော မုန်တိုင်းအန္တရာယ်ကို မကြုံတွေ့ခဲ့ဖူး၍ မုန်တိုင်းကို ပေါ့ပေါ့ဆဆမနေထိုင်ကြဘဲ သက်ဆိုင်ရာမှ သတိပေးချက်များကို ဂရုပြုလိုက်နာရမည်ဖြစ်"**

✻ ကျောဖုံးမှ

ကယက်ကြိုးပြင်ကာကွယ်တောဧရိယာသည် ဆမီးချောင်း၊ ဝါမောက်ချောင်း၊ ဝါမီချောင်းတို့၏ ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊ ရာသီဥတု ပြောင်းလဲမှုလျှော့ချရန်၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန်နှင့် မြေဆီလွှာထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကယက်ကြိုးပြင် ကာကွယ်တောအတွင်း ကညင်၊ စကားဝါ၊ သစ်အယ်၊ ရင်းစပ်၊ ရင်းတိုက်၊ ဆီးဖြူ စသည့် သစ်မျိုးများပေါက်ရောက်နေပြီး ဝက်ဝံ၊ တောဆိတ်၊ တောင်ဆိတ်၊ တောဝက်၊ တောကြောင်၊ မျောက်၊ ဆတ်၊ ချေ၊ သင်းခွေချပ်၊ တောခွေး၊ ကြောင်ပျံ၊ တောကြက်၊ ရစ်၊ ဖြူ စသည့် တိရစ္ဆာန်များ၊ ငုံး၊ ခါ၊ ချိုး၊ ငှက်တော်၊ ကြက်တူရွေး စသောငှက်မျိုးများ၊ ဖွတ်၊ လိပ်၊ မြွေ စသောတွားသွားသတ္တဝါများ ကျက်စားရာဒေသဖြစ်သည့်အပြင် ကုလားတန်မြစ်၏လက်တက်ဖြစ်သော ဆမီးချောင်း၊ ဝါမောက်ချောင်း၊ ဝါမီချောင်းတို့၏ ရေဝေရေလဲ ဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများကို စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းနှင့် တောင်ဘက်ပိုင်းတွင် ထူးခြားသည့် သဲကျောက်တောင်တန်းရှိခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



ကယက်ကြိုးပြင်ကာကွယ်တော သဘာဝ ရှုခင်းကို တွေ့ရစဉ်။

# အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုများ ဆွတ်ခူးခဲ့သော မြန်မာနိုင်ငံတက္ကသိုလ်ဝူရှူးအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ တက္ကသိုလ်ဝူရှူးအားကစားအဖွဲ့သည် ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးရှိ ပါမောက္ခချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများက လေဆိပ်တွင် လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။



**အောင်မြင်စွာဆွတ်ခူး**

အဆိုပါ မြန်မာနိုင်ငံတက္ကသိုလ် ဝူရှူး အားကစားအဖွဲ့သည် အုပ်ချုပ်သူ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ နည်းပြ ဒေါ်ဆွေဆွေသန့်၊ ဝူရှူးအားကစားသမား မမြတ်နိုးအိမ်၊ မအေးသစ္စာမြင့်နှင့် မောင်ခန့်မင်းထက်တို့ ပါဝင်လျက် ထိုင်းနိုင်ငံ အွန်ဘွန်ရတ်ချဌာနီ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲမှ ဝူရှူးအားကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုသို့ယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံ တက္ကသိုလ်ဝူရှူး အားကစားသမား သုံးဦးသည် တစ်ဦးလျှင် လက်နက်မဲ့၊ လက်နက်ဖြင့် ပြိုင်ပွဲနှစ်မျိုးစီ အားကစားပြိုင်ပွဲ ခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရွှေတံဆိပ် နှစ်ခု၊ ဒုတိယဆု ငွေတံဆိပ် နှစ်ခု၊ တတိယဆု ကြေးတံဆိပ်တစ်ခုဖြင့် ဆုတံဆိပ်ငါးခုကို အောင်မြင်စွာ ဆွတ်ခူးရရှိခဲ့သည်။

ထို့အတူ ပြည်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသက်လွင် ဦးဆောင်သည့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြနှစ်ဦးနှင့် အားကစားသမားရှစ်ဦးတို့ပါဝင်သော မြန်မာနိုင်ငံတက္ကသိုလ် ပိုက်ကျော်ခြင်း အားကစား အဖွဲ့သည်လည်း ယနေ့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အလားတူ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတွင် တတိယဆု ကြေးတံဆိပ် ရရှိခဲ့သည့် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန် ဦးဆောင်သည့် အုပ်ချုပ်သူ နှစ်ဦး၊ နည်းပြသုံးဦး၊ အားကစားသမား ၁၉ ဦးတို့ပါဝင်သော မြန်မာနိုင်ငံတက္ကသိုလ် ဘောလုံး အားကစားအသင်းသည် ဩဂုတ် ၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဥပဒေချုပ် ဦးဌေးအောင်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်သို့ သွားရောက်ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ တက္ကသိုလ်အားကစားအဖွဲ့အနေဖြင့် အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူးအားကစားနည်းလေးမျိုးတွင် အားကစားသမားစုစုပေါင်း ၃၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ အောင်ပွဲရမြန်မာမှ

အဆိုပါ အားကစားအဖွဲ့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ အားကစားသမားများနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ် ၁၁ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် နှစ်ခု၊ မသန်စွမ်းဘောလုံးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ အလေးမ အားကစားနည်းမှ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ မြားပစ်အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု စုစုပေါင်းဆုတံဆိပ် ၄၃ ခုရရှိပြီး မသန်စွမ်းဘော်လီဘောနှင့် မျက်မမြင်ဂိုးလ်ဘောအားကစားမှာ ဆုတံဆိပ်များနှင့် လွဲချော်ခဲ့ရသည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို၂၀၂၃ ခုနှစ် ဇွန်လတွင် အိမ်ရှင်အဖြစ် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျေးရွာဖွံ့ဖြိုး၍ ဒေသခံများ ဝင်ငွေရရှိနိုင်သော Cash For Work စီမံကိန်းလုပ်ငန်းများ ကြည့်ရှု

**ရေတာရှည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လုပ်အားခဝင်ငွေရရှိနိုင်သည့် Cash For Work စီမံကိန်းကို ၂၀၂၂-၂၀၂၃ ခုနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ကျွဲရိုင်းပြင်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာတွင်း ကျောက်ရောမြေ အရှည်ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မ ခင်းခြင်းလုပ်ငန်းနှင့် အရှည် ပေ ၁၅၀၀၊ အကျယ် နှစ်ပေ၊ အနက်နှစ်ပေရှိ ရေထုတ်မြောင်း တူးဖော်ပြီးစီးမှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက ယနေ့မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုသည်။ ဆက်လက်၍ ကျေးရွာကော်မတီဝင်များကို တွေ့ဆုံပြီး လမ်းပိုင်းကျောက်ရောမြေသားများကို လမ်းကြိတ်စက်ဖြင့် ကြိတ်ရန်၊ လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးသည်။ ကျွဲရိုင်းပြင်ကျေးရွာသည် စစ်တောင်းမြစ်အနောက်ဘက်ဘေးကပ်လျက် လိပ်သို-ကရင်ချောင်း-ရေတာရှည် ကားလမ်းဘေးတွင် တည်ရှိပြီး အိမ်ထောင်စုပေါင်း ၁၇၄ စုရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရွှေပြည်သာမြို့နယ် အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၈**

မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ရေစီး ရေလာကောင်းမွန်စေရန်၊ ရေမြောင်းများတူးဖော်ခြင်း၊ ရေစည်၊ ရေအိုးများ၊ ရေအုတ်ကန်များ အတွင်း ခြင်နှင့် ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ရွှေပြည်သာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးနိုင်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို အဆိုပါ စာသင်ကျောင်း၌ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြပြီး ကျန်အခြေခံပညာကျောင်းများတွင် အပတ်စဉ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၀၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၀၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၄ ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၈၂၄၁၄ ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၁၄၂၁၃ ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၂၀ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၅၉၃၀၁၈ ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၄ ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၆၄) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၆၃) ခု | (၈) ဦး |
| **စုစုပေါင်း** | **(၆,၃၀၄) ခု** | **(၁၅) ဦး** |

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၉၁၀၁၅၀ | ၈၉၀၃၉၈၈၅ | ၁၀၅၈၇၃၈ |
| ၂။ | အိန္ဒိယ | ၄၄၁၆၁၈၉၉ | ၄၃၄၉၉၆၅၉ | ၅၂၆၇၃၀ |
| ၃။ | ပြင်သစ် | ၃၄၀၇၄၅၆၈ | ၃၂၈၈၀၇၇၄ | ၁၅၂၅၃၇ |
| ၄။ | ဘရာဇီး | ၃၄၀၁၈၃၇၁ | ၃၂၇၃၁၇၀၆ | ၆၈၀၀၅၁ |
| ၅။ | ဂျာမနီ | ၃၁၂၂၈၃၁၄ | ၂၉၆၂၂၉၀၀ | ၁၄၄၈၅၈ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၈၈၃၆၅၁ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၃၁၃၄၂၇ | ၂၀၀၄၅၃၃၅ | ၁၇၃၁၃၆ |
| ၈။ | တောင်ကိုရီးယား | ၂၀၅၄၄၄၂၀ | ၁၈၉၈၃၈၁၇ | ၂၅၂၉၂ |
| ၉။ | ရုရှား | ၁၈၇၃၀၅၆၁ | ၁၈၀၄၈၀၇၆ | ၃၈၂၇၈၆ |
| ၁၀။ | တူရကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၂ | ၉၉၆၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၄၉၂၂၃ | ၉၉၈၂၃၄၅ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၄၉၄၀၃ | ၆၀၄၂၆၅၇ | ၁၅၇၁၁၃ |
| ၃။ | မလေးရှား | ၄၇၀၈၅၅၂ | ၄၆၂၆၇၅၆ | ၃၆၀၂၆ |
| ၄။ | ထိုင်း | ၄၆၀၇၄၅၁ | ၄၅၅၄၅၀၂ | ၃၁၆၃၃ |
| ၅။ | ဖိလစ်ပိုင် | ၃၈၀၈၁၅၆ | ၃၇၀၉၃၇၇ | ၆၀၈၃၇ |
| ၆။ | စင်ကာပူ | ၁၇၅၉၅၇၅ | ၁၆၆၉၇၄၅ | ၁၅၃၉ |
| ၇။ | မြန်မာ | ၆၁၄၂၁၃ | ၅၉၃၀၁၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၈၄၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၀၅၆ | ၁၃၃၇၀၇ | ၃၀၅၆ |

## ထန်းတပင်မြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်

**ထန်းတပင် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

**ဟောပြော**

အဆိုပါဟောပြောပွဲတွင် ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့က ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်စေရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေး၊ နည်းစနစ်မှန် သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရေးနှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများအကြောင်းကို ပြောကြားခဲ့သည်။ ထို့နောက်အစားအစာများတွင် ပါဝင်သော ဆိုးဆေးအန္တရာယ်အကြောင်း၊ ပလတ်စတစ်ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချနိုင်ရေး အကြောင်းအရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ သန်ကျဆေးတိုက်ကျွေးခြင်းနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအခြေအနေများကို မူလတန်းရှိ ကျောင်းသား



ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေး၍ လိုအပ်သည့်ဆေးဝါးများကို အခမဲ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# အာဆီယံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာရပ်တည်ရန် လိုအပ်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြောကြား

ဖနောင်ပင် ဩဂုတ် ၈

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် စည်းလုံးညီညွတ်စွာ ရပ်တည်ရန်လိုအပ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ချ်ဟွန်ဆန်က ဩဂုတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘုံစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် စည်းလုံးညီညွတ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် ကတိပြုကြောင်း ၂၀၂၂ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က အာဆီယံနေ့အထိမ်းအမှတ်သို့ ပေးပို့သည့် ရုပ်သံသတင်းစကားတစ်ရပ်တွင် ပြောကြားခဲ့သည်။

အာဆီယံအနေဖြင့် နှစ်နှစ်ကျော်ကြာဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ရေးစီမံဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် အဆိုပါ ကိုဗစ်-၁၉ ကပ်ရောဂါသည် ပြည်သူ့ကျန်းမာရေး၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးကို ထိခိုက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။



အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ကို ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ဖြင့် ၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

## စပိန်နိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် မြေဟက်တာ ၄၀၀၀ ကျော် ပျက်စီးခဲ့ရ

မက်ဒရစ် ဩဂုတ် ၈

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း၌ တောမီးလောင်ကျွမ်းမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းကြောင့် မြေဟက်တာ ၄၀၀၀ ကျော် ပျက်စီးခဲ့ကြောင်းနှင့် ဂါလီစီယာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ လက်ရှိအချိန်အထိ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာမီးသတ်အဖွဲ့အစည်းများက ပြောသည်။



လက်ရှိတွင် အေကိုရူနာမြို့အနီးတွင် ဖြစ်ပွားခဲ့သည့် အကြီးမားဆုံးသော တောမီးလောင်ကျွမ်းမှုကြောင့် မြေဟက်တာ အနည်းဆုံး ၂၀၀၀ ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးဒဏ်ရာရရှိသူမရှိသော်လည်း လူပေါင်း ၇၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၆ ရက်တွင် Copernicus အမည်ရှိ ဂြိုဟ်တုက ဖမ်းယူရရှိသော အချက်အလက်များအရ ယခုနှစ်အတွင်း စပိန်နိုင်ငံ၌ အပူချိန်စံချိန်တင် အမြင့်တက်ဆုံးအချိန်ဖြစ်သည့် နွေရာသီကာလအတွင်း မြေဟက်တာ ၂၃၀၀၀၀ ခန့် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် စပိန်နိုင်ငံ ဗဟိုအစိုးရသည် အနာဂတ်ကာလတွင် တောမီးလောင်ကျွမ်းမှုများကို ကြိုတင်ကာကွယ်နိုင်ရေး အကူအညီပေးနိုင်ရန် ဥပဒေသစ်တစ်ရပ်ကို ဩဂုတ် ၈ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀ ဒသမ ၅ သန်းကျော်ရှိလာ

ဆိုးလ် ဩဂုတ် ၈

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅၂၉၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၀၅၄၄၂၀ ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၄၈၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက် ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၂၅၂၉၂ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်



## ပြင်သစ်နိုင်ငံ၌ လေးကြိမ်မြောက်အပူလှိုင်းအတွက် ပြင်ဆင်ဆောင်ရွက်

ပါရီ ဩဂုတ် ၈

ပြင်သစ်နိုင်ငံတွင် မိုးခေါင်မှုများဖြစ်ပွားလာခြင်းနှင့်အတူ လေးကြိမ်မြောက်အပူလှိုင်း ဝင်ရောက်လာမည့်အရေးအတွက်ပြင်ဆင်နေကြောင်း သိရသည်။

**မြင့်တက်နိုင်**

နိုင်ငံအတွင်း ယခုအကြိမ်ဝင်ရောက်လာမည့်အပူလှိုင်းသည် ဒေသအများအပြားကို တိုက်ခတ်မည်ဖြစ်ကြောင်းနှင့် အပူချိန် ၃၄ မှ ၃၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ကြောင်း မိုးလေဝသ ချန်နယ်လာချန်မီတိုးက ပြောသည်။

ဩဂုတ် ၈ ရက်မှစတင်၍ မော်ရိုကိုနိုင်ငံမှ စတင်ဝင်ရောက်လာမည့် အပူလှိုင်းသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး ပြင်သစ်နိုင်ငံအတွင်း ပူပြင်းသည့် ရာသီဥတုကို ခံစားရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ယခုတိုက်ခတ်လာမည့် အပူလှိုင်းသည် တောင်ပိုင်းမှ စတင်ဝင်ရောက်လာမည်ဖြစ်ပြီး နိုင်ငံအလယ်ပိုင်းမှတစ်ဆင့် မြောက်ပိုင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ယခုနိုင်ငံအတွင်း ဝင်ရောက်လာမည့် အပူလှိုင်းကြောင့် မိုးခေါင်မှုအများအပြားဖြစ်လာမည်ဖြစ်ပြီး တောမီးလောင်ကျွမ်းမှုများလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - စီဂျီတီအင်န်

ဘာသာပြန် - စိုးသူရ



## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၈၁ ဦး ထပ်မံတွေ့ရှိ

ဟန္နိုင်း ဩဂုတ် ၈

ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၈၁ ဦး ထပ်မံတွေ့ရှိရပြီး ယခုရောဂါထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၃၄၇၅၁၈ ဦးရှိပြီး ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၄၃၀၉၄ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၉၇၃၁၂၂ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၂၄၈ ဒသမ ၆ သန်းကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတွင် BA.2.12.1, BA.5, BA.4 အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ်ကူးစက်မှုများတွေ့ရှိရသဖြင့် လေးကြိမ်မြောက် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ထိုးနှံပေးနေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# သီပေါမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**

သီပေါမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီတွင် သီပေါမြို့နယ် နောင်အန်ကျေးရွာအုပ်စု ခိုလုံကျေးရွာအနီးတွင် စိုင်းအောင်ကျော် (ခ)စိုင်းထွန်းကျော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းအောင်ကျော်(ခ) စိုင်းထွန်းကျော်(၁၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းအောင်ကျော်(ခ)စိုင်းထွန်းကျော်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က ရန်ကုန် - ဘားအံ - မြဝတီ ကုန်သွယ်မှု လမ်းမကြီး တစ်လျှောက် အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများထက်ပိုမို တင်ဆောင်လာကြောင်း သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရဲမွန်ရွာနှင့် ညောင်တစ်ခြမ်းကျေးရွာကြားတွင် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော လူသုံးကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၃၄၃၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ၁၂ ဘီးကုန်တင်ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၃၄၃၂၀ )ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဩဂုတ် ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်ခရိုင် မှုခင်းနှိမ်နင်းရေးဌာနဦးစီးသော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ် ထိန်သစ်ရပ်ကွက် အခွန်လွတ်ဈေးတွင် အကောက်ခွန်မဲ့ ဘီယာ ၉၅ ကတ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၃၇၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၅ ရက်နှင့် ၇ ရက်နေ့တို့တွင် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တမူးမြို့နယ် ရေနန်းရွာ အနောက်မြောက်ဘက်တစ်မိုင်ခန့် အကွာတွင် တရားမဝင်အင်သစ်ခွဲသား ၁ ဒသမ ဝ၆၅၂ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၉၇၈၀)နှင့် ကလေး၀-ရေဦး သွားကားလမ်း မိုင်တိုင်အမှတ် (၁၀၀/၁)တွင် တရားမဝင် အင်သစ်ခွဲသား ၇ ဒသမ ၆၇၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၈၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၁၃၆၀ ) ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေးလမ်းဟောင်း ထုံးဘိုတိုးဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၁၆၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ခြောက်ဘီးမော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၂၆၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၃၁၉၀ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၂၅၃၃၆၀ )ကိုသိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၅ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၁၁၅၄၀၄၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ချောင်းဦးမြို့နယ် ၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာ ရရှိသူများကို ဆေးရုံသို့ပို့ဆောင်စဉ် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၁၀-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သေတဲ့သူက သေပြီးဘယ်သူသေသေ ကိုယ်မာဖို့ပဲလုပ်နေသော ငတေများ”** နှင့်ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၈-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မောဂ္ဂလ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
- ၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၃၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘အမှန်တရားရဲ့လျှို့ဝှက်ချက်’ (အပိုင်း-၁၁၁)
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ ကလောင်စွမ်းဖြင့် ဉာဏ်အလင်းတံခါးဖွင့်ပေးကြသူများ ‘ပင်နောင်မြေက စာတွေ ပတ်ဝေချင်လွန်းသူ’ (အကြီးကိုကို)
- ၁၇:၂၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၅ ရိုးရာအမွေသက်သေပြုထိန်းသိမ်းကြစို့ရွှေမန
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ဘဝစကေးဘောအက်ဒေး’ (အပိုင်း-၃၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘အချစ်ဆိုသည်မှာ’ (အပိုင်း-၇)

**mitv**

- 07:02 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:0 Colourful Lotus-Shaped Candles
- 07:16 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
- 07:40 A Day In Bagan
- 08:01 Healthy Diet: Balanced Diet
- 08:07 Family of Toys
- 08:27 Great Shwedagon - Auspicious Grounds And Devotional Posts
- 08:40 Taung Byone Nat Festival (Ep-3)
- 09:01 News
- 09:26 Global Partnership for Brighter Future: Croatia Pavilion at Expo 2020 Dubai
- 09:35 Children's Delight: The Ants and the Lazy Grasshopper
- 09:50 One of the Useful Purposes of Bamboo

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကျေးဇူးပါပေပေ
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** မုန့်ဖြို့သို့အလည်တစ်ခေါက်ဘင်လိုင်ရွှေစေတီ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရမ္မာမြို့မှမီးကြာလှည့်
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဝါးကြက်သားမီးကင်ပြုလုပ်နည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ဇိုင်ဝါးဘာသာစကားပြောကြရအောင်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** စံပယ်ပန်းလှလှလေးက ပေးတဲ့ကျန်းမာရေး
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပျောက်ကွယ်လုနီးပါးဂေဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** အနောက်တောင်အရပ်ဆီက ဟိုင်းကြီးကျွန်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘ငပေါ့ငရွေးချယ်မှု’
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၀၀ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြီးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
- ၀၈:၄၅ ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း
- ၀၉:၀၀ အညာမြေကိုအလှဆင်သူတို့ရှင်သန်ရာ မကွေးစိုက်သုခြံ
- ၀၉:၄၀ တိရစ္ဆာန်စာဖူလုံဖို့ စားကျက်သီးနှံစိုက်ကြစို့

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၇)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၈**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များ အပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမွဝတီရပ်ကွက်နေ သုတသည် ၎င်းအသုံးပြုသည့် “Thuta” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၇)နေ သီဟဇော်(ခ)မောင်သီ(ခ) အာလူးကာသည် ၎င်းအသုံးပြုသည့် “Mg Thi” Facebook အကောင့်၊ ရမည်းသင်းမြို့နယ် ကံကြီးကျေးရွာနေ ခင်မြိုင်သည် ၎င်းအသုံးပြုသည့် “Khin Myaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဇင်လင်းထက်သည် ၎င်းအသုံးပြုသည့် “Zin Linn Htet” Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ တင်တင်မော်သည် ၎င်းအသုံးပြုသည့် “Tin Tin Maw” Face book အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၀) ရပ်ကွက်နေ ယွန်းဝေထိုက်သည် ၎င်းအသုံးပြုသည့် “Yoon Wai Htike” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့သောင်းမြို့ရှိ ရွှေဝက်ဝံတံတားအနီး၌ မီးလောင်မှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေများအား နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရွှေဝက်ဝံတံတားအနီး၌ ဆိုက်ကပ်ထားသော အဏ္ဏဝါရပ်ကွက်နေ ဦးစိုးလွင် ပိုင်ဆိုင်သော ငါးဖမ်းစက်လှေငါးစင်းအနက်မှ ထက်ထက်ပိုင်-၂၇ အမည်ရှိ ဝါးလတ်ငါးဖမ်း စက်လှေသည် မီးလိုင်းများပြုပြင်စဉ် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် လျှပ်စစ်ဝါယာ ရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးရှိ ငါးဖမ်းစက်လှေနှစ်စင်း မီးကူးစက်လောင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် စုပေါင်း၍ မီးသတ်ယာဉ်ရှစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အမျိုးသားတစ်ဦး မီးလောင်သေဆုံးခဲ့ပြီး အမျိုးသားလေးဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် မီးလောင်ဒဏ်ရာရရှိခဲ့သူများကို ကော့သောင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၅ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၈၉၅ | ၁၉၀၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၅ | ၂၁၆၀ | ၂၇၂၀ |
| 95 Ron | ၁၉၂၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၈၅ | ၁၉၇၅ | ၁၉၅၀ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၇၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၂၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၅ | ၂၂၇၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |
| HSD (10 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၅ | ၁၈၃၄ |
| 95 Ron | ၁၈၂၄ | ၁၈၉၄ |
| HSD (500 ppm) | ၂၀၂၁ | ၂၀၉၁ |
| HSD (50 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (10 ppm) | ၂၀၈၃ | ၂၁၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




## ရမည်းသင်းမြို့နယ်အတွင်း၌ မိုးစပါး ၄၉၂၆၉ ဧက စိုက်ပျိုးရန် လျာထား



**ရမည်းသင်း ဩဂုတ် ၈**

၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အတွင်း၌ မိုးစပါး ၄၉၂၆၉ ဧကစိုက်ပျိုးရန်လျာထားကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ထိုသို့ ရမည်းသင်းမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာတွင် ယခုအခါ ဆည်ရေသောက်စိုက်ဧက ၂၀၄၇ ဧက၊ မိုးကောင်းသောက်စိုက်ဧက ၁၉၀၂၆ ဧက စုစုပေါင်း ၂၁၀၇၃ ဧက စိုက်ပျိုးပြီးဖြစ်၍ လျာထားဧက၏ ၄၂ ဒသမ ၇၇ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။

ရမည်းသင်းမြို့နယ်အတွင်း၌ အများအားဖြင့် မနောသုခ၊ ရောမင်း၊ ထွန်းသုခနှင့် တောင်ယာစပါးမျိုးတို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရန် ကျန်သောလယ်မြေများတွင်လည်း စိုက်ပျိုးရေရရှိမှုအပေါ် မူတည်၍ စဉ်ဆက်မပြတ် စိုက်ပျိုးလျက်ရှိကြသည်။

ရမည်းသင်းမြို့နယ် အတွင်း၌ ယခုကဲ့သို့ မိုးစပါးစိုက်ပျိုးခြင်းနှင့် အတူ အခြားယာမြေများတွင်လည်း မိုးချည်မျှင်ရှည်ဝါနှင့် ဆီထွက်သီးနှံ နေကြာတို့ကိုလည်း စိုက်ပျိုးထားကြကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေ- အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျား၍ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

သူသည် အိန္ဒိယသို့အပြီးပြန်ရန် ငြင်းဆန်သူ၊ မြန်မာပြည်၌သာ အရိုးထုတ်မည့်သူဖြစ်သည်။ ဟိုစဉ်က ရေနံမြေအလုပ်သမား။ ယခု အသက်ကြီးပြီ။ သို့သော် သူ့ကို ရိပ်သာမှာ မာလီ ပြန်ခန့်ထားသည်။ လစာ ပေးထားသည်။

၁၃၀၀ ပြည့် အရေးတော်ပုံ၏ ကျေးဇူးတရားနှင့် နှောင်းလူတို့၏ ကျေးဇူးတရား သိတတ်တုံ့ပြန်မှုကို သခင်ဆာမိအပါအဝင် လုပ်သားမြောက်မြားစွာတို့ ခံစားခွင့်ရနေသည်ကို မြင်တွေ့နေရပေသည်။

ချောက်ကို နေ့အခါမှာ ကြည့်မြင်ရသည်ထက် ညအခါမှာ ကြည့်မြင်ရခြင်းက ပိုမိုလှပသည်ဟု ထင်သည်။ နွယ်နွယ်ထွန်းတို့ တည်းခိုသောအိမ်မှာ ကုန်းအမြင့်တွင်ရှိသည်။ ထို့ကြောင့်လည်း အပေါ်စီးမှ ကြည့်မြင်ရသည်သို့ ဖြစ်နေသည်။ ရှုခင်းသည် လေယာဉ်ပေါ်မှ မြင်တွေ့ရသည့် ရှုခင်းမျိုးဖြစ်နေသည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင် စသောအခါကာလမှာ မီးများ ထွန်းညှိထားသည့်သဖွယ်၊ မီးစောင်းတန်း အသွယ်သွယ်ပမာဖြစ်နေသည်။ စလေဓာတ်မြေသြဇာစက်ဘက်သို့ လှမ်းကြည့်လိုက်လေတော့လည်း မာကျူရီမီးတို့ဖြင့် တန်ဆာဆင်ထားသော မီးမျှော်စင်ကိုမြင်တွေ့ရသည်။

နွယ်နွယ်ထွန်း အနှစ်ခြိုက်ဆုံးမှာ ချောက်ဘက်မှနေ၍ လမ်းရွာဘက်ကမ်းကို လှမ်းမြင်ရသော ရှုခင်းပင်ဖြစ်သည်။ ဧရာဝတီမြစ်အတွင်း ကမ်းပါးဆယ်၍ ရေနံတူးယူခဲ့သည်။ သို့ဖြင့် ဧရာဝတီ တစ်ဖက်ကမ်း၌ ကျောက်စီကမ်းပါးနှင့် ယင်းအထက်မှ ရေနံစင် အစီအရီကို တွေ့ရ သည်။

နွယ်နွယ်ထွန်းတို့သည် ပုံတောင်ဘုရားသို့ တက်ရောက်ဖူးမြော်ကြသည်။ ရှင်မဟာရဋ္ဌသာရသည် ပုံတောင်နိုင်မော်ကွန်းကို သည်မှာ နေနားရေးသားခဲ့သည်ဟု အဆိုရှိသည်။

ဦးခင်မောင်ညွန့်က ရေနံမြေနှင့် ပတ်သက်သော သိမှတ်ဖွယ်ရာ စကားအချို့ကို ပြောကြားခဲ့သည်။

ဦးခင်မောင်ညွန့်၏ စကားများအရ မြန်မာပြည်၏ အနာဂတ်မျှော်လင့်ချက်သည် ရေနံပေါ်၌ အများအားဖြင့် တည်နေသည်ဟု သိရသည်။ အတိအကျတော့ မဟုတ်။ ထင်ကြေးများအရ ဟိမဝန္တာမှ စတင်စီးဆင်းခဲ့သော ရေနံကြောကြီးသည် မြန်မာပြည်မြေလွှာအောက်တွင်ရှိသည်။ အိုင်ထွန်းနေသည်။ ပြည်တောင်တန်းနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ရေနံကြောများ လူ့သွေးကြောနှယ် ယှက်ဖြာနေသည်။ ယင်းရေနံကြောများသည် မြန်မာပြည်ကိုဖြတ်ကာ အင်ဒိုနီးရှားသို့တိုင် ပေါက်ရောက်သွားသည်။ အင်ဒိုနီးရှားသည် ရေနံကို အထူးတလည်ကြိုးစားထုတ်ယူရရှိနေသည်။ မြန်မာပြည် အနေနှင့်လည်း တစ်နေ့ထက်တစ်နေ့ ရေနံကို ပိုမိုထုတ်ယူနိုင်ရန် ကြိုးစားနေသည်။ မန်း၊ ရွှေပြည်သာ၊ စခန်းကြီး စသည်တို့တွင် ရေနံတွင်းသစ်များ၊ အစမ်းတွင်းများ ပေါ်ပေါက်လာကာ ရေနံထွက်ရှိနေပြီ ဖြစ်သည်။ မြေပြင်ဆိုက်စမစ်တိုင်းတာရေးနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိသည်နှင့်အမျှ ရေနံတွင်းသစ်ပေါင်း မြောက်မြားစွာ ပေါ်ထွန်းလာရတော့မည်မှာ သေချာသည်။

အကယ်၍ ဟိမဝန္တာမှ စတင်စီးဆင်းလာသည်ဆိုသော ရေနံကြောများ မြန်မာ့မြေအောက်၊ ရေအောက်တွင် ရှိသည်၊ ရေနံတို့ အိုင်ထွန်းနေသည် ဟူသော အတွေးသာ မှန်ကန်ပါက မြန်မာပြည်သည် ရေနံတစ်ခုတည်းဖြင့် ကူဝိတ်၊ ဆော်ဒီအာရေးဗီးယား စသောနိုင်ငံများကဲ့သို့ ချမ်းသာကြွယ်ဝသော နိုင်ငံအဖြစ်သို့ နေ့ချင်းညချင်း ရောက်ရှိနိုင်သည်။ ထိုအခါတွင် ပြည်တော်သာစီမံကိန်းကြောင့် မဟုတ်သော်လည်း လူတစ်ကိုယ်၊ တိုက်တစ်လုံး၊ ကားတစ်စီး၊ ဝင်ငွေ ၈၀၀ လောက်ကို ပျော့ပျော့နှင့် ရနိုင်မည်ဟု စိတ်ကူးယဉ်နိုင်ကြပေမည်။

"သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာ ရနိုးနိုး" ဟူသော စကားရှိသည်။ ရေနံနှင့် ပတ်သက်၍ ကြားသိရသော စကားများမှာ ယင်းသို့ပင်ဖြစ်သည်။ တက်ကြွအားရဖွယ် ကောင်းလှသည်။ ရေနံသည် မြန်မာပြည်၏ မကုန်ခန်းနိုင်သော ဘဏ္ဍာသိုက်ပင်ဖြစ်သည်။

သို့တိုင်အောင် သိုက်သမိုင်းဝတ္ထုများကဲ့သို့ ဒဏ္ဍာရီဆန်ခြင်းကား မရှိပါချေ။ ပကတိ လက်တွေ့အမြင်တွင်ပင် သိုက်အောင်သောကိစ္စတို့ ရှိနေသည်။

ဥပမာ မြန်အောင်ရေနံမြေကိုပင်ကြည့်။ ယခင်က ထန်းတောညိုညိုတွင် ကွင်းပြောင်ပြောင်ကိုသာ မြင်တွေ့ခဲ့ရသော မြေအပြင်တွင် ယခုအခါ ရေနံတွင်းများ အလျှိုအလျှို ပေါ်ပေါက်လာသည်။ ယခင်က သည်မြေသည် သည်မျှတန်ဖိုးကြီးမားလိမ့်မည်၊ မြေအောက်မှာ သည်မျှအဖိုးတန်သော သယံဇာတများ သိုမှီးထားလိမ့်မည်ဟု မည်သူကမျှ မထင်ခဲ့။ သည်နယ်တစ်ဝိုက်မှ ရှေးကျသော ပုဂ္ဂိုလ်အချို့တို့ကလည်း သည်မြေသို့ ရေနံရှာဖွေရန် လာသည်ဆိုသောအခါ "သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာ ရနိုးနိုး" ဟူသောစကားဖြင့် ပြက်ရယ်ပြုမိခဲ့ကြသည် အမှန်ပင်။ သို့သော် ယခုမူ တကယ် ဥစ္စာသိုက် ပေါ်ပေါက်လာရချေသည်။ စလန်ဘာဂျာ၊ ဘူမိဗေဒနှင့် ရေနံတွင်းတူး အင်ဂျင်နီယာ စသော သိုက်ဆရာတို့သည် ကဝေများနှယ် ပညာကြွယ်ကြပါပေသည်။ အံ့သြချီးမွမ်းကြရလေပြီ။ ထန်းတောညိုတို့ အကြား၊ လယ်ကွင်းတို့အလယ်၌ ရေနံတွင်းတို့ အလျှိုလျှို ပေါ်ပေါက်လာသည်ကိုလည်း မျက်မြင်တွေ့ကြရပြီ။ မီးရှို့ထားသော ဓာတ်ငွေ့တွင်းတို့မှ ထိန်လင်းသော မီးရောင်များကို တွေ့ကြရပြီ။ မြန်အောင်ရေနံမြေ၌ ၁၉၆၉ ခုနှစ် ပတ်ဝန်းကျင်က တွင်းပေါင်း ၅၈ တွင်း တူးခဲ့ရာ ၄၄ တွင်းအောင်ခဲ့သည်။ ၁၀ တွင်းကို ယာယီပိတ်ထားခဲ့သည်။ ခြောက်တွင်းက လေတွန်းကန်အား များသည်။ အန္တရာယ်မကင်း၍ ပိတ်ရသည်။ လေးတွင်းက ထွက်အားနည်းသည်။ ရသောရေနံနှင့် စုပ်ခ မမျှ၍ ပိတ်ရသည်။ သုံးတွင်းက ရေအားသန်သည်။ တစ်တွင်းကို ရေလွှမ်းစီမံကိန်းအတွက် ထားရသည်။ တွင်းအောင်စကတစ်နေ့ အထွက်နှုန်း ပီပါ ၈၀၀၀ ဖြစ်သည်။ နောက်တော့ ပျမ်းမျှ ၇၂၀၀ ထွက်သည်။ ရေနံက အပါးစား။ ချောက်၊ ရေနံချောင်း ရေနံမြေတို့မှထွက်ရှိသော ရေနံထက် အမျိုးအစား ကောင်းသည်။ ယင်းဒေသမှ ထွက်သောရေနံက အထူစား။ ရေနံအထူစားသည် ဖယောင်းများသည်။ ရေနံအပါးစားက ဖယောင်း အထွက်နည်းသည်။ ရေနံတစ်ပီပါကို စရိတ်စက နုတ်ပြီး တန်ကြေး ကျပ် ၂၀ ထား။ မြန်အောင်ရေနံမြေမှ ထွက်သမျှရေနံကြောင့် တိုင်းပြည်ဘဏ္ဍာတော်စာရင်းတွင် တစ်နေ့လျှင် ငွေကျပ်တစ်သိန်းလေးသောင်းကျော် သပိတ်ဝင် အိတ်ဝင် ဖြစ်လာရချေသည်။ တစ်လတွင် လေးသန်းကျော် ဖြစ်သည်။


ရေနံချောင်းနှင့် ချောက်ရေနံမြေတို့ အကြောင်းကို ကြားသိရသည်ကမူ ဝမ်းနည်းဖွယ် ကောင်းနေသည်။ ယင်းဒေသရှိရေနံတွင်းတို့မှာ ရေနံအထွက်နှုန်း ကျဆင်းနေပြီဖြစ်သည်။ အဆီခန်း၊ အသားကုန်နေသော သူအိုတို့နှင့် ပမာတူနေသည်။ အဘွားအို၏ နို့ပျဉ်းကျများလိုဖြစ်နေသည်။ ရေနံတွင်း မည်ကာမတ္တများ ဖြစ်နေကြပေပြီ။ စင်စစ် အိုလည်းအိုမင်းလှပြီဖြစ်သည်။ သည်ကြား ဒုတိယကမ္ဘာစစ်အတွင်းက အရင်းရှင်များ မြေလှန်စနစ်ဖြင့် ဖျက်ဆီးခဲ့ကြရာမှ ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကြောင့် နာတာရှည် လူမမာများလို ဖြစ်နေကြပေ သည်။

သို့တိုင်အောင် ချောက်ရေနံမြေမှ ပုဂ္ဂိုလ်အချို့တို့သည်ကား သည်မြေသည်ဒေသ၌ ရေနံပေါကြွယ်ဆဲဟုပင် အထင်ရှိကြသည်။ ငယ်ရွယ်ပျိုမျစ် အသစ်အသစ်သော တွင်းတို့ကို ဖွားမြင်စေသလို အဘွားအိုအားလည်း ဆေးကုစေချင်ကြပေသည်။ တစ်လောကပင် ဓာတ်မြေသြဇာစက်အတွက် ဓာတ်ငွေ့တွင်းတူးရာမှ မမျှော်လင့်ဘဲ ရေနံတစ်နေ့ ပီပါ ၂၀၀ ထွက်သည့် တွင်းတစ်တွင်း ပေါ်ပေါက်လာသည်။ ဤသည်မှာ သည်နယ် သည်ဒေသ၌ ရေနံမခန်းသေး၊ မကန်းသေးသည့် အကြောင်းကို ပြသည်ဟု ထင်ကြသည်။ သို့သော် ယင်းတွင်းမှာ ကုလားထိုင်ပေါ်က ဆရာကြီးများ၏ အမိန့်ကြောင့် ပြန်ပိတ်လိုက်ရသည်ဟု အဆိုရှိသည်။ အကြောင်းက သည်သို့ ဖြစ်သည်။ ဓာတ်မြေသြဇာစက်အတွက် ဓာတ်ငွေ့တွင်း တူးသည်။ မမျှော်လင့်ဘဲ အထွက်သန်သည့် ရေနံတွင်းကို တွေ့ရသည်။ လိုသည်မှာ ရေနံမဟုတ်။ ဓာတ်ငွေ့သာ ဖြစ်သည်။ ထို့ကြောင့် ယင်းတွင်းကို ပိတ်ရမည်ဟု အမိန့်ရှိသည်။ နှမြောလှစွာနှင့် ပိတ်ခဲ့ရသည်။ တွင်းတစ်တွင်း တူးသည်ဆိုသည်မှာ လွယ်ကူသောကိစ္စမဟုတ်။ ငွေ သိန်း ၃၀ မှ သိန်း ၄၀ အကြား၊ ထိုထက်များချင်လည်း များ၍ ကုန်ကျသည်။ တွင်းကို ပိတ်လိုက်ရသည်ဆိုပါက ဘဏ္ဍာငွေ အလဟဿဖြစ်ရမည်။ ရေနံတွင်းအဖြစ်နှင့်ပင် ရေနံဆက်လက် ထုတ်ယူစေချင်သည်။ ဤသည်ကို အလုပ်သမားကောင်စီနှင့် ညှိနှိုင်း၍ အထက်သို့ တင်ပြကြသည်။ ထိုအခါကျမှ ရေနံထုတ်ယူစေ အမိန့်ရသည်။ သို့သော် ရေနံပြန်လည်ထုတ်ယူသောအခါ၌ကား ပီပါ ၅၀ ပင် မထွက်ချင်တော့။

မည်သို့ပင်ဆိုစေ ရေနံနှင့်ပတ်သက်ရာ ပတ်သက်ကြောင်းတို့ကို ကြားသိရသည်မှာ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသော ရတနာတွင်းတူးသူတို့ကဲ့သို့ မျှော်လင့်ချက်လှလှ ရရှိစေသည်လည်းအမှန်။ ထီထိုးထားသူတစ်ယောက် အိပ်မက်ကောင်း မြင်မက်သည့်ပမာ စိတ်ကူးယဉ်စရာကောင်းလှသည်လည်း အမှန်ပါပင်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**




**"ဓာတ်မြေသြဇာစက်အတွက် ဓာတ်ငွေ့တွင်းတူးရာမှ မမျှော်လင့်ဘဲ ရေနံတစ်နေ့ ပီပါ ၂၀၀ ထွက်သည့် တွင်းတစ်တွင်း ပေါ်ပေါက်လာသည်။ ဤသည်မှာ သည်နယ် သည်ဒေသ၌ ရေနံမခန်းသေး၊ မကန်းသေးသည့်အကြောင်းကို ပြသည်ဟု ထင်ကြသည်။ သို့သော် ယင်းတွင်းမှာ ကုလားထိုင်ပေါ်က ဆရာကြီးများ၏ အမိန့်ကြောင့် ပြန်ပိတ်လိုက်ရသည်ဟု အဆိုရှိသည်။ အကြောင်းက သည်သို့ ဖြစ်သည်။ ဓာတ်မြေသြဇာစက်အတွက် ဓာတ်ငွေ့တွင်း တူးသည်။ မမျှော်လင့်ဘဲ အထွက်သန်သည့် ရေနံတွင်းကို တွေ့ရသည်။ လိုသည်မှာ ရေနံမဟုတ်။ ဓာတ်ငွေ့သာဖြစ်သည်။ ထို့ကြောင့် ယင်းတွင်းကို ပိတ်ရမည်ဟု အမိန့်ရှိသည်။ နှမြောလှစွာနှင့် ပိတ်ခဲ့ရ . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဘုန်းသမ္ဘာ

ပီမိုးနင်း

ကြီးပွားအောင်မြင်သူနှင့် ဆုံးရှုံးအောက်ကျသူတို့ကို ခြားနားစေသောအရာသည် စိတ်သာလျှင်တည်း။ လူ၏အခြေအနေ အနိမ့်အမြင့်ကို ဖန်တီးသောအရာသည် စိတ်နေသဘောထားသာလျှင်တည်း။

အကြင်သူ၏စိတ်သည် တစ်စုံတစ်ရာကို ဖြစ်မြောက်အောင် ထိထိရောက်ရောက် သေချာစွာ စဉ်းစဉ်းစားစား တွေးကြံတတ်သောအလေ့ရှိအံ့။ ထိုသူ၏အလုပ်များသည် အကျိုးစီးပွားကို ဆောင်ရမည်ကား ဓမ္မတာအစစ်အမှန် ဖြစ်လေသည်။

အကြင်သူသည် မရှင်းလင်း မသေချာ၊ စဉ်းစားဆင်ခြင်ခြင်းကို ကောင်းစွာမပြု၊ ဝိုးဝါးမထင်ရည်ရွယ်ချက်ကို မမြင်မသိက ထိုသူ၏ဘဝသည် မအောင်မြင်၊ အရေးအကြောင်းမထင်သော ဘဝသာဖြစ်ရာ၏။

လူနှစ်မျိုးရှိ၏။ တစ်မျိုးကား သွားလျှင်ပျာ၊ စားလျှင်ပျာ၊ အရာရာ၌ပျာယာသူဖြစ်၏။ အလုပ်များဟန်လည်း ရှိ၏။ နေ့ကုန်သောအခါတွင် ပြန်၍ကြည့်သောအခါ၌ကား တစ်စုံတစ်ရာမျှ ပြတ်ပြတ်သားသား မပြီးချေ။ အကြောင်းမူကား ထိုသူမှာ အဘယ်အလုပ်ကိုမျှ သေသေချာချာ ရေရေရာရာ စဉ်းစား၍မလုပ်ခဲ့ပေ။ မစဉ်းစားဘဲ အလုပ်မှာပျာ၍သာ နေသောကြောင့် လုပ်နည်းမှာ စည်းစနစ်မကျ၊ စည်းဝါးမကိုက် ကတိုက်ကရိုက်သာ များခဲ့လေသည်။

တစ်မျိုးသောသူကား လုပ်သမျှအရာရာ၌ အသေးအဖွဲမကျန် စေ့စေ့စပ်စပ် ပြတ်ပြတ်သားသား ဆင်ခြင်စဉ်းစားကာ အကျိုးအကြောင်းကို ဝေဖန်၍ လုပ်ကိုင်၏။ သို့စဉ်းစားသည့်အတွက် အမြင်သန်၏။ အရေးကြီးသော ကိစ္စတို့ကိုစီမံခြင်း၌ မပျာဘဲ လျင်မြန်၏။ ထိုလူမျိုးမှာ နေ့ကုန်သောအခါ၌ ကျန်းမာသောမိဘ၏ ကျန်းမာသောသားသမီးများလို အလုပ်တွေ အပြိုင်းအရိုင်း ပြီးမြောက်၍ နေသည်ကို တွေ့ရှိရလေသည်။

အမေရိကန်သူဌေးကြီးတစ်ယောက် ပြောဖူးသည်မှာ ပျိုရွယ်စဉ်အခါ အလုပ်ကိုစ၍လုပ်ရာ၌ တစ်နေ့သ၌ ငါသည် အဘယ်လိုအိမ်မျိုးနှင့်နေမည်ဟု လေထဲ၌ အိမ်ဆောက်ခဲ့ရာ ကြီးသောအခါ မိမိပျိုရွယ်စဉ်က တွေးကြံသည့်အတိုင်း တစ်သဝေမလွဲ အိမ်ကို ရရှိခဲ့ခြင်း ဖြစ်လေသည်။ လူ၏စိတ်သည် အထည်ကိုယ်အဖြစ်သို့ရောက်နိုင်သော သတ္တိနှင့်ကောင်းစွာ ပြည့်စုံလေသည်။ ဤကျမ်း၌ ထိုကဲ့သို့ဖြစ်စေသော နည်းလမ်းများကို တွေ့ပါလိမ့်မည်။ စဉ်းစဉ်းစားစား ထပ်ကာထပ်ကာ ဖတ်ဖို့သာ လိုလေသည်။

x x x

### ကျက်သရေဂုဏ်

ဤအခန်းသည် အထူးအရေးကြီး၏။ ကျက်သရေဂုဏ် ထွန်းလင်းတောက်ပ၍နေသူမှာ အရာရာ၌ ပေါက်ရောက်၏။ ပေါက်ရောက်လျှင် အောင်မြင်ရမည်။ ကျက်သရေဂုဏ်သည် စိတ်၏ အရောင်ဖြစ်၏။ ဖြူဖြောင့်တည်ကြည်ခြင်းမှ ထွက်ပေါ်လေသည်။ အဟုတ်တကယ် ဖြူဖြောင့်ဖို့ လိုလေသည်။ တွေးသမျှ၊ ကြံသမျှ ရိုးဖြောင့်ရမည်။ ရိုးဖြောင့် ဖြူစင်သူဖြစ်ကြောင်း လောကကြီးသိသောအခါ အသင် လူအဖိုးတန်၊ လူကုံထံအဖြစ်သို့ မရောက်ဘဲ မနေနိုင်တော့ပေ။ ဂုဏ်ရှိသူတို့၏ ထမင်းစားပွဲမှာ ထိုင်ရသောကြောင့် ဂုဏ်သရေ့ရှင် မဖြစ်နိုင်။ လူကုံထံခေါ် အထက်တန်းစားတို့နှင့် ပေါင်းခြင်းဖြင့် အဟုတ်တကယ် ဂုဏ်သရေရှိမဖြစ်။ အရောင်ကလေး ကူးစက်ရုံမျှသာရှိ၏။ အဟုတ်တကယ် စိတ်သဘောဖြူစင်မှသာ ဂုဏ်အသရေ့ရှင် ဖြစ်နိုင်လေသည်။

ကတိတစ်လုံးတည်၍ မဟုတ်စကား မပြောကြောင်း ထင်ရှားသောအခါ တကယ့်လူကောင်း လူမြတ်ဟူသော အသိအမှတ်ပြုခြင်းကို ခံရလိမ့်မည်။ သည်လူမဟုတ်တာမလုပ်ဘူး၊ မဟုတ်တာ မကြံဘူး၊ မဟုတ်တာမပြောဘူးဟူသော စကား တစ်လုံးကိုရသောအခါ လူအဖိုးတန် ဖြစ်ပြီဟုမှတ်။

မိမိပြုအပ်သော တာဝန်ဟူသမျှ တစ်စမကျန် ကျေပွန်ပါစေ။ ယခုကာလ မဟုတ်တာလုပ်နိုင်မှ တော်ရုံရယ်၊ လူရိုးသူခိုးထင်တဲ့ကာလ၊ လိမ်မှညာမှ၊ ကိုယ်လိမ္မာကိုယ့်ဖို့၊ လူရိုးသချိုင်းမှာရှိသည်။ ဘယ်သူမှမရိုးဘူး၊ ရိုးနေရင်ငတ်မှာပေါ့ဟူသော စကားမျိုးတွေကို အနည်းငယ်မျှ မယုံအပ်ပေ။ ယုံလျှင်မှားမည်။ ကြာကြာဝါးက အရိုးမျက်မည်ဟုမှတ်။ ထိုစကားမျိုးတို့သည် ယခုခေတ်မှာသာ ပေါ်သည်မဟုတ်။ ယခုခေတ်မှပေါ်လျှင် ဤခေတ်သည် လွန်စွာဆိုးပေမည်။ ဆိုးလျှင် ထိုစကားတွေ မှန်လိမ့်မည်။ စင်စစ်မှာကား ယခုမှပေါ်လာသည် မဟုတ်။ ရှေးအခါကပင် ပေါ်ခဲ့၏။ ချမ်းသာရာမှ ဆင်းရဲသွားသူ၊ အကြံမမြောက်သဖြင့် လောကကြီးနှင့် လူဟူသမျှအပေါ်၌ စိတ်နာ၍နေသူတွေ ပြောသော စကားများဖြစ်ကြလေရာ ကောသလမင်းကြီး လက်ထက်မတိုင်မီအခါက ပေါ်ခဲ့၏။

ကုန်သည်အလုပ်နှင့် အသက်မွေးသူတို့မှာ ရိုးမှန်ဖို့ကိုသာ၍လို၏။ မမှန်သောကုန်ကို မဟုတ်သောနေရာက ယူ၍ရောင်းသဖြင့် ပျက်စီးကြသော ဆိုင်ကြီးတွေ ရှိကြလေသည်။ သို့ဖြစ်လေရာ ရိုးမှန်စွာ ကြီးပွားဖို့ရန်အတွက် အမြဲနိုးကြားဖို့ လိုလေသည်။ အမြဲမနိုးကြားက ရိုးဖြောင့်စွာ ဖြစ်မြောက်နိုင်သော လမ်းတွေလက်လွတ်သဖြင့် မရိုးမဖြောင့်သော နည်းများကို အသုံးပြုမိတတ်လေသည်။

အပြော၌ သေချာခြင်း၊ အပိုမသုံးခြင်း၊ ချိန်းချက်သမျှအတိုင်း မှန်ကန်စွာ နာရီအချိန်မီအောင် ပြုလုပ်ခြင်း၊ ကတိကို ပေါ့ဆလွယ်ကူစွာ မထားအပ်ခြင်း၊ ထားမိသောကတိကို မပျက်စေခြင်း၊ တာဝန်ကျေပွန်ခြင်း၊ မဟုတ်မမှန်မပြုခြင်း၊ ဤအချက်များသည် လူကြီးလူငယ်ဟူသမျှ၏ လေးစားခြင်းကိုဖြစ်စေလေသည်။ လူတစ်ယောက်သည် တစ်ထောင်တန်ပစ္စည်းကို ငွေလိုလှသဖြင့် ရောင်းလာ၏။ ဝယ်သူမှာ ငွေကျပ်နေသည်။ ငါပေးသလောက် ယူရမှာပဲ။ လူသေခံတွင်း၊ ဝမ်းနာခေါင်းကိုက်ဟူသော စိတ်ထားမျိုးနှင့် ငါးရာသာပေးမည်ဟုပြောရာ ငွေလိုသူခမျာမှာ မငြင်းဘဲ ရောင်းရ၏။ ဤနည်းမျိုးမှာလည်း ဝယ်သူလည်းမရိုးသူပင် ဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

### အလယ်အလတ်လမ်းစဉ်ရွေးပါ

"ချစ်သားတို့ မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်အလတ်လမ်းစဉ်ကို ရွေးချယ်ကျင့်ကြံအားထုတ်ခြင်းအားဖြင့် အောင်မြင်မှုကိုရရှိပေအံ့"

ဂေါတမဗုဒ္ဓ(ဘီစီ ၆၂၃-၅၄၃)

လူတိုင်းလူတိုင်းက အောင်မြင်မှုကို လိုလားကြသည့်အတွက် နည်းလမ်းများကို ရှာဖွေနေကြရာ အောင်မြင်မှုနည်းလမ်းများသည်လည်း များစွာရှိနေပေသည်။ ယင်းကဲ့သို့ အောင်မြင်ရေးနည်းလမ်းပေါင်းများစွာရှိသည့်တိုင် အမှန်တကယ် အောင်မြင်မှုရရှိလိုသူသည် မိမိကိုယ်တိုင်၏ အောင်မြင်မှုရရှိလိုသည့် စိတ်တန်ခိုး၏ ဦးဆောင်နိုင်မှုအပေါ်တွင်မူတည်လေသည်။



အောင်မြင်မှုရရှိလိုသည့် စိတ်တန်ခိုးထက်သန်မှု အတိမ်အနက်ပေါ်တွင် များစွာတည်မှီနေပေရာ စိတ်၏ဦးဆောင်မှုကြီးကြီးမားမားရှိရန် လိုအပ်သည်။ ထက်သန်သည့်စိတ်တန်ခိုးကို အကောင်အထည်ဖော်ရာတွင် နည်းလမ်းအမျိုးမျိုး၊ လုပ်ဆောင်မှုအထွေထွေ ရှိနေသည်ဖြစ်သော်လည်း အလွယ်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်း (၁၀) ချက်ကား ရှိနှင့်ပြီးဖြစ်သည်။ ထိုနည်းလမ်းများကို ဓွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခြေခံအရင်းတည်ကာ ကျင့်ကြံအားထုတ်နိုင်ရန်သာ လိုပေသည်။

ယင်းအောင်မြင်ရေးနည်းနာတို့မှ နံပါတ်နှစ်ဖြစ်သော "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ လုပ်ဆောင်ပါ" ဟူသည်ကား မိမိစိတ်ကိုထိန်းချုပ် လုပ်ဆောင်ရမည့် နည်းလမ်းပင်ဖြစ်သည်။

"ကမ္ဘာကြီးဟာ ဇာတ်ခုံကြီးပါပဲ။ ကျွန်ုပ်တို့အားလုံးဟာ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်နေကြရတဲ့ ဇာတ်ကောင်မျှသာ ဖြစ်ပေရဲ့" ဟု ကမ္ဘာကျော် ပညာရှင် ဝီလျံရှိတ်စပီးယားက ပြောခဲ့ဖူးကြောင်း မှတ်သားရပါသည်။ အမှန်ပင် လူသားအားလုံးသည် လောကဇာတ်ခုံပေါ်တွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်နေရသည့် ဇာတ်ဆောင်များပင် ဖြစ်ပေသည်။ အရေးကြီးဆုံးသောအချက်က ကိုယ်တိုင်ကပြရသည့် ကိုယ့်ဘဝဇာတ်လမ်းတွင် အောင်မြင်လှပစွာ လှုပ်ရှားလုပ်ဆောင်နိုင်ဖို့ကသာ ပဓာနကျလေသည်။ မှန်ကန်သည်များကို ရွေးချယ်လုပ်ဆောင်နိုင်လျှင် အောင်မြင်မှုများကို ရရှိခံစားရမည်ဖြစ်သည်။ လွဲမှားသည်တို့ကို ပြုမူလုပ်ဆောင်မိလျှင် ဆင်းရဲဒုက္ခကြုံကြရမည်။ ဘဝဇာတ်ဆရာအလိုကျ အသုံးတော်ခံရမည်ဖြစ်သည်။ ယင်းဇာတ်ဆရာသည် မိမိကိုယ်တိုင်ဖြစ်သည့်အတွက် မိမိကိုယ်ကိုသာ အားကိုးရာ၊ မိမိကိုယ်တိုင်သာ ကြိုးစားရုန်းကန်ရမည့်အရေးကိစ္စဖြစ်နေပေသည်။

ထို့ကြောင့် မိမိသည်သာ အခရာကျပါကြောင်း ဂေါတမမြတ်စွာဘုရားရှင်ကလည်း ဆုံးမထားသည်။

"မြတ်ဗုဒ္ဓရဲ့အဆုံးအမဟာ ဘာလဲဆိုရင် "အတ္တာဟိ အတ္တနော နာထော" ပဲ။ ဒီအဆုံးအမဟာ အင်မတန်မှတန်ဖိုးရှိတဲ့ အဆုံးအမပဲဖြစ်တယ်။ မိမိသာလျှင် မိမိရဲ့ကိုးကွယ်ရာလို့ ဆိုတယ်"ဟု အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ(ပါမောက္ခချုပ်ဆရာတော်ကြီး)က "မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် နေထိုင်ခြင်း" ဆောင်းပါးတစ်ပုဒ်တွင် ထည့်သွင်းဆုံးမထားကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။

"အတ္တာဟိ အတ္တနော နာထော မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာလို့၊ တခြားလူမဟုတ်ဘူး။ အရာခပ်သိမ်းမှာ ကိုယ့်ကိုယ်ကိုယ်အားကိုးရမယ်။ ကိုယ့်အစွမ်းအစကို ကိုယ်ယုံကြည်ပြီးတော့ ကိုယ်တိုင်လုပ်ကိုင် ဆောင်ရွက်ရမယ်ဆိုတာ သဘောပေါက်နားလည်ရမယ်။ မိမိသည်သာ ကိုးကွယ်ရာဆိုတဲ့ ကိုယ့်ရဲ့ဆန္ဒ၊ ကိုယ့်ရဲ့ လုံ့လဝီရိယ၊ ကိုယ့်ရဲ့အသိဉာဏ်ကို တန်ဖိုးထားပြီး၊ ဆန္ဒဖြင့်မျှော်လင့်ပြီး၊ လုံ့လဝီရိယဖြင့် မရရအောင်ကြိုးစားပြီး အသိဉာဏ်ဖြင့် မှန်ကန်တဲ့နည်းလမ်းတွေကို ရှာဖွေအားထုတ်ရမယ်" ဟုလည်း အဆိုပါဆောင်းပါးတွင် အရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်ကြီး)က လမ်းညွှန်မိန့်ကြားတော်မူထားသည်။

သို့ဖြစ်၍ ဘဝတွင်အောင်မြင်မှုရရှိလိုကြသော လူငယ်မောင်မယ်များနှင့် လူတိုင်းလူတိုင်းသည် ကိုယ့်အစွမ်းအစကို ကိုယ်တိုင်ယုံကြည်ပြီး ကိုယ့်ကိုယ်ကိုယ်ဦးဆောင်ကာ ကိုယ်တိုင်ပင်လျှင် ဓွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကြိုးစားကြရမည်ဖြစ်သည်။

ထိုကဲ့သို့ကြိုးစားရာတွင်လည်း လုပ်ဆောင်မှုအရာတိုင်းတွင် "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" ဖြစ်သော အလယ်အလတ်လမ်းစဉ်ကို ရွေးချယ်ကာ လူမှုဆက်ဆံရေးအပါအဝင် စီးပွားရေးလုပ်ဆောင်မှုအားလုံးကို လုပ်ဆောင်နိုင်ရမည်ဖြစ်ရာ မေတ္တာ၊ စေတနာ၊ မုဒိတာတို့ကို ရှေ့တန်းတင်ကြရန် လိုပေသည်။

သို့ဖြစ်သောကြောင့် လောဘ၊ ဒေါသ၊ မာန်မာနများကို ဦးစားမပေးဘဲ မျှတသည့်စိတ်ထားဖြင့် အရွယ်အသီးသီးမှာ ကျင့်ကြံနေထိုင်ကြမည်ဆိုလျှင် ဘဝတစ်လျှောက်အေးချမ်းမှုကို လက်တွေ့ခံစားနိုင်လာမည်ဖြစ်ပြီး နေပျော်သောဘဝ၊ သာယာသောဘဝ၊ ချမ်းသာသောဘဝကို ဦးစွာရရှိနိုင်ပေသည်။ ယင်းတို့သည် စိတ်တန်ခိုး၏ အေးချမ်းသော၊ ချမ်းသာမှုကိုလက်တွေ့ရရှိသည်ဖြစ်ရာ စိတ်ချမ်းသာမှုမှသည် ကိုယ်ချမ်းသာမှုသို့ အလိုလိုရောက်ရှိ ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်တို့နှင့် လူတိုင်းလူတိုင်းသည် အသက်အရွယ်အမျိုးမျိုးတွင် ကျင့်ကြံကြိုးစားကြရာ၌ အလယ်အလတ်ကျသော လမ်းစဉ်ကို ရွေးချယ်လုပ်ဆောင်နိုင်ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှုကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပေတော့သည်။ ။

# ခေါင်းဆောင်ကောင်းဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့ဟာ မျိုးဆက်သစ်လူငယ်တွေဖြစ်တာကြောင့် အနာဂတ်ကိုပိုင်စိုးထားသူတွေဖြစ်တယ်။ ဒါကြောင့် မောင်တို့မယ်တို့မှာ အခွင့်အလမ်းတွေ များစွာရှိနေတယ်။ မောင်တို့မယ်တို့ ဘယ်ဘဝကိုပိုင်ဆိုင်ချင်သလဲဆိုတဲ့ ဆန္ဒအပေါ်မှာ အခွင့်အရေးတွေရှိနေတယ်။ ရွေးချယ်ယူတတ်ဖို့ပါပဲ။

လူအများကို ဦးဆောင်နိုင်တဲ့ခေါင်းဆောင်ဖြစ်ချင်သလား။ အဲဒီလိုခေါင်းဆောင်တွေအများကြီးရှိနေတဲ့အထဲကမှ ခေါင်းဆောင်ကောင်းဖြစ်ချင်သလား၊ စိတ်ကနေ အရင်ဦးဆုံးတွေးထားရမှာဖြစ်တယ်။

မိမိဖြစ်ချင်တဲ့ဆန္ဒကိုမှတ်သားပြီး လိုက်နာကြိုးစားရမှာလည်းဖြစ်တယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့လည်း အခွင့်အရေးတွေများစွာရှိနေတာပါပဲ။ အနာဂတ်ကိုပိုင်စိုးထားတဲ့ မျိုးဆက်သစ် လူငယ်လူရွယ်တွေဖြစ်တာကြောင့် မောင်တို့မယ်တို့ဟာ မိမိဆန္ဒကို မိမိပိုင်ဆိုင်နိုင်ကြသူတွေဖြစ်တယ်။ ဒါကြောင့် မောင်တို့မယ်တို့ဟာ ဖြစ်ချင်တဲ့ဆန္ဒကို ပုံဖော်တဲ့နေရာမှာ ရာနှုန်းပြည့်အောင်မြင်မှာ သေချာပါတယ်။

လူငယ်တွေရဲ့ ကြိုးစားမှုဟာ အံ့မခန်းဖြစ်တယ်။ မှန်ကန်တဲ့ကြိုးစားမှုသာ ဖြစ်ပါစေ အောင်မြင်မှုဟာ လက်တစ်ကမ်းမှာ ရှိပါတယ်။

မိသားစုတစ်စုဖြစ်စေ၊ ရွာတစ်ရွာဖြစ်စေ၊ မြို့တစ်မြို့ပင်ဖြစ်စေ တိုးတက်အောင်မြင်မှု ဒါမှမဟုတ် ဆုတ်ယုတ်ပျက်ပြားမှုဟာ ဘယ်အပေါ်မှာ အဓိကမူတည်သလဲဆိုရင် ခေါင်းဆောင်သူရဲ့ ခေါင်းဆောင်မှုအရည်အသွေးအပေါ်မှာ မူတည်တာပဲဖြစ်တယ်။

အသင်းအပင်း၊ အဖွဲ့အစည်းအားလုံးရဲ့ ကောင်းမှုဆိုးမှုအစုစုဟာ ခေါင်းဆောင်မှုအပေါ်မှာပဲ အချိုးညီမူတည်နေတယ်ဆိုတာ အလွန်ထင်ရှားပါတယ်။




"ရာဇပဓာနံ၊ ခေါင်းဆောင်အကြီးအမှူးသာလျှင် အရာရာတွင် ပဓာနဖြစ်တယ်"

ရှေးရှေးက ပညာရှိအဆက်ဆက်ရဲ့ ဆိုရိုးစကား။ ယနေ့တိုင်မှန်ကန်နေဆဲပါပဲ။ နောင်အနာဂတ်မှာလည်း မှန်ကန်နေဦးမှာဖြစ်တယ်။ အရာရာကို သူကသာဆုံးဖြတ်ပေးတာ ဖြစ်ပေတယ်။

လူတိုင်းလူတိုင်းဟာ ခေါင်းဆောင်မှုအကြောင်းလေ့လာဆည်းပူးထားဖို့လိုအပ်တယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူတိုင်းလူတိုင်းဟာ ခေါင်းဆောင်နေရာကို ရလာနိုင်လို့ပါပဲ။ အနည်းဆုံးအနေနဲ့ မိသားစု အိမ်ထောင်စုတစ်ခုရဲ့ အိမ်ထောင်ဦးစီးဖြစ်လာမယ်။ ခေါင်းဆောင်မှုဆိုတာ နေရာတကာမှာ လိုအပ်ကြောင်းလည်း သိသာထင်ရှားပါတယ်။

ခေါင်းဆောင်လုပ်ရရင် ခေါင်းဆောင်ကောင်းဖြစ်အောင် ပီပီပြင်ပြင် လုပ်ဆောင်နိုင်ရမယ်။ ခေါင်းဆောင်ရဲ့အခန်းကဏ္ဍကို ပီပီပြင်ပြင် လုပ်ဆောင်နိုင်ဖို့လိုတယ်။ ခေါင်းဆောင်ရဲ့ အခန်းကဏ္ဍကို မိမိပါဝင်လှုပ်ရှားပြီဆိုရင် လေးစားချီးကျူးခံရလောက်တဲ့ အရည်အသွေးရှိအောင် လုပ်ဆောင်ရမှာဖြစ်တယ်။ မလုပ်တတ်လို့ ကျရှုံးတာ၊ ဗဟုသုတ အရည်အချင်းမရှိလို့ မအောင်မြင်တာမျိုး မဖြစ်သင့်ဘူးပေါ့။ အရည်အချင်းပြည့်ဝနေစေဖို့ ဖြည့်ဆည်းနေရမယ်။

ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်မှုပေးနိုင်ရမယ်။ ခေါင်းဆောင်မှုဆိုတာ ဩဇာလွှမ်းမိုးနိုင်မှုပဲဖြစ်တယ်။ ဩဇာလွှမ်းမိုးတယ်ဆိုတာ အာဏာမဟုတ်ဘူး၊ ဗိုလ်ကျတာမဟုတ်ဘူး။ လုပ်ပိုင်ခွင့်အရ အထက်စီးက အခွင့်အရေးယူတာ မဟုတ်ဘူး။ လက်အောက်ငယ်သားတွေရဲ့ ချစ်ခင်လေးစား၊ အားကိုးမှုနဲ့ ယုံကြည်မှုကိုရယူနိုင်တာမျိုးဖြစ်ရမယ်။ အဲဒါကို သဲသဲကွဲကွဲသိရမယ်။

အရည်အသွေးပြည့်ဝတဲ့ ခေါင်းဆောင်ကောင်းဖြစ်ဖို့ လက္ခဏာခုနစ်ချက်ကို လိုက်နာရမှာ ဖြစ်တယ်။

၁။ အမြော်အမြင်ရှိရမယ်။

၂။ မေတ္တာတရားပြည့်ဝရမယ်။

၃။ ဆက်သွယ်မှုကောင်းရမယ်။

၄။ သတ္တိရှိရမယ်။

၅။ အပြုသဘော ပျိုးထောင်မှုမျိုးရှိရမယ်။

၆။ တီထွင်ဖန်တီးနိုင်စွမ်းရှိရမယ်။

၇။ စိတ်အားထက်သန်မှုနဲ့ လှုံ့လရှိရမယ်။

ဒီအချက်တွေကို လိုက်နာကျင့်ကြံနိုင်မယ်ဆိုရင် မကြာခင်မှာ ခေါင်းဆောင်မှုအရည်အသွေးတွေ မြင့်တက်လာပြီး ဦးဆောင်ဦးရွက်ပြုနိုင်မှာလည်းဖြစ်ပေတယ်။

ခေါင်းဆောင်ကောင်းတို့ဟာ ထိရောက်တဲ့ခေါင်းဆောင်မှုကို လုပ်ဆောင်ရာမှာ လိုက်နာရမယ့်နည်းနာများစွာရှိပေမယ့် အတိုချုပ်အနေနဲ့ ခုနစ်ချက်ရှိကြောင်း မှတ်သားဖူးပါတယ်။

၁။ အမြင်အဝေးကို ကြည့်တတ်တဲ့နေရာမှာ လင်းယုန်ငှက်ရဲ့ မျက်စိကဲ့သို့။

၂။ ယုယကြင်နာကရုဏာနဲ့ မေတ္တာပြည့်ဝရာမှာ သိုးကျောင်းသားကဲ့သို့။

၃။ ဆက်သွယ်မှုကောင်းတဲ့နေရာမှာ ပုရွက်ဆိတ်ကဲ့သို့။

၄။ သတ္တိရှိရာမှာ ခြင်္သေ့ကဲ့သို့။

၅။ အပြုသဘော ပျိုးထောင်ရာမှာ လယ်သမားကဲ့သို့။

၆။ တီထွင်ဖန်တီးတဲ့နေရာမှာ အိုးထိန်းသည်ကဲ့သို့။

၇။ ဇွဲ၊ လုံ့လရှိရာမှာ လိပ်ကဲ့သို့။ (လိပ်ရဲ့ ကိုယ့်ဘက်ကိုယ်ယက်တတ်တဲ့သဘောကို ယူရန်မဟုတ်)

ဒီအချက်တွေဟာ လိုတိုရှင်း၊ မှတ်သားလွယ်၊ လိုက်နာလုပ်ဆောင်နိုင်မှု ရှင်းလင်းတဲ့အတွက် မိမိကိုယ်ကိုတည်ဆောက်ကြိုးစားရာတွင် ထိရောက်နိုင်မှာ ဖြစ်ပေတယ်။ မောင်တို့မယ်တို့အနေနဲ့ လိုက်နာကျင့်ဆောင်ရမယ့်နည်းနာတွေကို ကြိုးစားပြီး လိုက်နာကျင့်ဆောင်ကြမယ်ဆိုရင် အောင်မြင်တဲ့ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# ကိုယ်ဖြစ်ချင်တဲ့အသွင်ကို စိတ်ကူးပုံရိပ်ဖော်လိုက်ပါ

အောင်မြတ်စည်သူ

၁၉၇၆ ခုနှစ်ကာလ အာရီဇိုးနားပြည်နယ် တပ်စ်ဆန်မြို့ရှိ Double-tree Inn စားသောက်ဆိုင်တွင် ကျွန်တော်နှင့်အတူ နေ့လယ်စာစားသောက်ခဲ့စဉ်အချိန်က အာနိုးလ်ရှဝါဇီနက်ဂါသည် နာမည်မကြီးခဲ့သေးချေ။ စားသောက်ဆိုင်မှ လူတစ်ဦးတစ်ယောက်မျှ သူ့ကိုမမှတ်မိခဲ့ချေ။

သူသည် ဂျိမ်းဘရစ်ချ်၊ ဆယ်လီဖီးလ်နှင့်အတူ သူရိုက်ကူးခဲ့ပြီး လူကြိုက်နည်းခဲ့သော ဇာတ်ကားတစ်ကားဖြစ်သည့် Stay Hungry (ငတ်မွတ်နေ) ဇာတ်ကားကို ကြေညာရန် ကျွန်တော်တို့မြို့သို့ ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ထိုကာလတွင် Tucson Citizen သတင်းစာ၏ အားကစားဆောင်းပါးရှင်တစ်ဦးဖြစ်နေခဲ့ပြီး ကျွန်တော့်တာဝန်မှာ အာနိုးလ်နှင့်အတူ တစ်နေကုန်နေ၍ ကျွန်တော်တို့သတင်းစာ၏ တနင်္ဂနွေမဂ္ဂဇင်းအတွက် မျက်နှာဖုံးဆောင်းပါးတစ်ပုဒ် ရေးသားရန်ဖြစ်ခဲ့သည်။

ကျွန်တော်သည်လည်း သူမည်သူမှန်းမသိခဲ့သလို သူဘာဖြစ်လာမည်ကို သိမနေခဲ့ချေ။ ကျွန်တော်သည် ကျွန်တော့်ကိုပေးထားသောတာဝန်ဖြစ်နေ၍သာလျှင် သူနှင့် တစ်နေ့တာအချိန်ကုန်ခံရန် သဘောတူခဲ့သည်။ ကျွန်တော်သည် ထိုတာဝန်ကို စိတ်မပါလက်မပါ ဆောင်ရွက်ခဲ့ပါသော်လည်း ကျွန်တော် ဘယ်သောအခါမျှမေ့မည်မဟုတ်သော အလုပ်တစ်ခုဖြစ်သွားခဲ့သည်။

ထိုတစ်နေ့တာ၏ အမှတ်ရစဖွယ် အကောင်းဆုံးအပိုင်းသည် အာနိုးလ်နှင့်ကျွန်တော် တစ်နာရီကြာခန့် နေ့လယ်စာစားချိန်တွင် ဖြစ်ပွားခဲ့သည်ဟု ဆိုရမည်ထင်ပါသည်။ ကျွန်တော်သည် ကျွန်တော်တို့ စားသောက်နေစဉ်မှာပင် ကျွန်တော်၏ သတင်းထောက်မှတ်စုစာအုပ်ထုတ်၍ အာနိုးလ်ကို မေးမြန်းမှုပြုနေခဲ့သည်။ တစ်ချက်တွင် ကျွန်တော် သူ့ကို အမှတ်တမဲ့မေးလိုက်သည်။

"ခင်ဗျား....အခု ကိုယ်ကာယတည်ဆောက်နေရေးလုပ်ငန်းက အနားယူခဲ့ပြီဆိုတော့ နောက် ဘာလုပ်ဖို့ရည်ရွယ်ထားသလဲ"

ဤတွင် သူသည် သာမန်ခရီးသွားရန်အစီအစဉ်တစ်ခုကို ပြောပြနေသကဲ့သို့ တည်ငြိမ်လှသောလေသံဖြင့် ပြောလိုက်သည်။

"ကျွန်တော် ဟောလိဝုဒ်တစ်ခွင်လုံးမှာ နံပါတ်တစ် ဝင်ငွေအကောင်းဆုံးမင်းသားဖြစ်အောင်လုပ်မယ်"

ဤစကားကို ပြောဆိုနေခဲ့သူမှာ မျက်မှောက်ကာလ ကျွန်တော်တို့သိသော ကိုယ်ရေစစ်၊ အေးရိုးဗစ်ခန္ဓာကိုယ်ရှင် အာနိုးလ်မဟုတ်ခဲ့သည်ကို သတိချပ်ပါ။ ဤသူသည် ဖောင်းပွကြီးမားနေခဲ့သည်။ သို့သော် ကိုယ့်ရုပ်ရည်ကမှ ဟုတ်သေး... ဆိုသည့်အမြင်ဖြင့် ကျွန်တော်သည် သူ့ရည်မှန်းချက်ဖြစ်လောက်ပါသည်ဟု ကြိုးစားယုံကြည်ပေးလိုက်ပါသည်။

သူ့ရည်ရွယ်ချက်ကို အံ့ဩသဘောကျပုံမပေါက်အောင် ကျွန်တော်အတော်ကြိုးစားဖုံးကွယ်လိုက်ရသည်။ ပြောရလျှင် ရုပ်ရှင်နှင့်ပတ်သက်လျှင် သူ၏ဖွဲ့ဆော်ဦးကြိုးပမ်းချက်က သိပ်မဟုတ်လာခဲ့သည်မဟုတ်ပါလား။ နောက် သူ၏ ဩစတြေးလျသားလေသံနှင့် ကိုးလိုးကန့်လန့်ခန္ဓာကိုယ်ကြီးက ရုပ်ရှင်ပရိသတ်များ ချက်ချင်းလက်ငင်း အကြိုက်တွေ့လောက်စရာမဟုတ်ခဲ့ချေ။ နောက်ဆုံးတွင် ကျွန်တော်သည် သူ၏ အေးအေးလူလူအသွင်ကို ပုံတူဖမ်းနိုင်ခဲ့ပြီး ဘယ်နည်းဘယ်ပုံများ ဟောလိဝုဒ်ထိပ်တန်းမင်းသားဖြစ်အောင်လုပ်ရန် ကြံစည်ထားပါသနည်းဟု သူ့ကို မေးမြန်းလိုက်သည်။

"ခန္ဓာကိုယ်တည်ဆောက်ရေးလုပ်ငန်းစဉ်မှာ ကျွန်တော် အသုံးချခဲ့တဲ့နည်းနဲ့ပဲပေါ့။ ကိုယ်ဖြစ်ချင်တဲ့အသွင်ကို စိတ်ကူးပုံရိပ်ဖော်လိုက်ပြီးတော့ တကယ်ပဲ အဲဒီလိုဖြစ်နေပြီးပုံစံနဲ့ နေထိုင်ရှင်သန်ရတယ်" သူက ရှင်းပြလိုက်သည်။

အံ့ဖွယ်ရာကောင်းလောက်အောင်ပင် ရိုးရိုးစင်းစင်းပုံစံပေါက်နေခဲ့သည်။ ဘာအဓိပ္ပာယ်မျှမရှိလောက်အောင် ရိုးစင်းနေခဲ့သည်။ သို့သော် ထိုစကားကို ရေးမှတ်လိုက်သည်။ ထိုစကားကို ကျွန်တော် ဘယ်အခါမျှ မေ့မည်လည်းမဟုတ်ချေ။

အာနိုးလ်၏ ဒုတိယ TERMINATOR ဇာတ်ကား၏ ရုပ်ရှင်ရုံဝင်ငွေသည် အာနိုးလ်ကို ကမ္ဘာ့လူကြိုက်အများဆုံး၊ ဝင်ငွေအရဆုံး မင်းသားအဖြစ်သို့ ရောက်ရှိစေခဲ့ကြောင်း TV ဖျော်ဖြေရေးအစီအစဉ်တစ်ခုက ပြောကြားချက်ကို ကြားရချိန်တွင် ကျွန်တော် မည်သည့်အခါမျှ မေ့မည်မဟုတ်ချေ။ အာနိုးလ်သည် သူရောက်ရှိမည့်ဘဝကို ကြိုတင်မြင်သည့် ဒိဗ္ဗစက္ခုအာရုံ ရှိခဲ့ပါသလား (သို့မဟုတ်) သူ၏ ဖြစ်ထွန်းနည်း ဖော်မြူလာကပင် အစွမ်းရှိနေခဲ့သလား။

နှစ်ကာလများတစ်လျှောက်တွင် ကျွန်တော်သည် အာနိုးလ်၏ ပုံရိပ်ဖန်တီးမှုနည်းကို စိတ်ဆောင်အောင်နိုင်ရေး ကိရိယာအဖြစ်သုံးခဲ့သည်။ ကျွန်တော်၏ ကုမ္ပဏီဝန်ထမ်းသင်တန်းများတွင်လည်း ယင်းကို အမွှမ်းတင်ခဲ့သည်။ အာနိုးလ်က ပုံရိပ်တစ်ခု ဖန်တီးရကြောင်း ပြောကြားခဲ့သည်ကို သတိချပ်စေခဲ့သည်။ အာရုံထဲတွင် ပုံရိပ်တစ်ခုပေါ်လာသည်အထိ စောင့်ဆိုင်းပါဟု မပြောခဲ့ချေ။ ပုံရိပ်တစ်ခုကို သင်ဖန်တီးရသည်။ တစ်နည်းပြောရလျှင် သင်သဏ္ဌာန်လုပ်ရသည်။

ကိုယ့်ကိုယ်ကိုယ် စိတ်ဆောင်အောင်နိုင်သော ဘဝတစ်ခုကို ရှင်သန်ရန်အတွက် အဓိကအစိတ်အပိုင်းတစ်ရပ်ကား အိပ်ရာမှ နံနက်ထစရာ အကြောင်းရှိနေခြင်းပင် ဖြစ်သည်။ ဘဝတွင် သင်လိုလားလှပါသောကြောင့် သင် မွတ်သိပ်နေမည့် အရာတစ်ခုရှိရန်ပင်ဖြစ်သည်။

ပုံရိပ်ကို ယခုချက်ချင်းပင် ဖန်တီးနိုင်သည်။ နောက်မှထက်စာလျှင် ယခုချက်ချင်းက ပိုကောင်းသည်။ ဆန္ဒရှိလျှင် သင်မြင်သောပုံရိပ်ကို အချိန်မရွေး ပြုပြင်ပြောင်းလဲနိုင်သည်။ သို့သော် ခံယူချက်အမြင်ပုံရိပ်ကင်းမဲ့စွာ တဒင်္ဂထက် ကြာကြာမနေပါနှင့်။ ထိုအမြင်ပုံရိပ်အတိုင်း နေထိုင်နိုင်ရန် မွတ်သိပ်စိတ်က သင်၏စွမ်းရည်ကို ဖော်ဆောင်သွားပုံကို ကြည့်ပါ။

Ref: Imagine the look you want to have by Steve Chandler

# မြန်မာ ယူ-၁၆ အသင်း ကမ္ဘောဒီးယားကိုအနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် ဩဂုတ် ၈

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၈ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ကမ္ဘောဒီးယားကိုအနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

အဆိုပါပွဲစဉ်များတွင် မြန်မာက ကမ္ဘောဒီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မလေးရှားနှင့် ဗြူနိုင်းအသင်းတို့က နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားကို အနိုင်ကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သောကြောင့် အကောင်းဆုံးကြိုးစားသွားပြီး ဒုတိယပိုင်းအစတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။



မြန်မာ ယူ-၁၆ အသင်းသည် ဗြူနိုင်း၊ မလေးရှားတို့နှင့်ပွဲများတွင် အသုံးပြုခဲ့သည့် ပွဲထွက်လူစာရင်းကို နှစ်ဦးသာအပြောင်းအလဲ ပြုလုပ်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ဂိုးမပေးရရေးအတွက် ခံစစ်ဦးစားပေးကစားခဲ့ကာ မြန်မာဂိုးပေါက်ကို ရံဖန်ရံခါသာ ခြိမ်းခြောက်နိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် လင်းထက်ဦးက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ကမ္ဘောဒီးယားအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာခံစစ်မှာ အမှားအယွင်းမရှိခဲ့ပေ။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က)၌ ရမှတ်ကိုးမှတ်ဖြင့် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ အုပ်စု (ခ)၌ ရမှတ်ခုနစ်မှတ်ဖြင့် ထိုင်းအသင်း၊ အုပ်စု (ဂ)၌ ရမှတ် ခုနစ်မှတ်ဖြင့် မြန်မာအသင်းတို့မှာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တက်ရောက်ခွင့် လက်ကျန်တစ်နေရာအတွက် ဒုတိယနေရာရအသင်းများအနက် အုပ်စု (က) မှ ဗီယက်နမ်အသင်းက အကောင်းဆုံးအသင်းအဖြစ် ရပ်တည်ကာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့ တွေ့ဆုံနေသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFF**

# တိုက်စစ်မှူးဟာလန်းရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ လက်ရှိချန်ပီယံမန်စီးတီးအသင်း ဝက်စ်ဟမ်းအသင်းကို အနိုင်ရ

ဝက်စ်ဟမ်းအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ဩဂုတ် ၇ ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ မန်စီးတီးအသင်းက အိမ်ရှင်ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးဟာ အပြန်အလှန်ရှိခဲ့ပေမယ့် ပွဲထွက်ကစားသမားရွေးချယ်မှုနဲ့ တစ်ဖက်အသင်းရဲ့အားနည်းချက်ကို အကောင်းဆုံးအသုံးချနိုင်ခဲ့တဲ့ နည်းပြဂွါဒီယိုလာရဲ့ အားသာချက်တွေကြောင့် ရာသီအစ အဖွင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက အနိုင်သုံးမှတ်အပြည့် ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဟာလန်းရဲ့ ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ်မှာရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဒုတိယပိုင်းပွဲကစားချိန် ၆၅ မိနစ်မှာရရှိခဲ့တဲ့ သွင်းဂိုးတွေကြောင့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းက အသစ်ခေါ်ယူထားတဲ့ ဟာလန်းနဲ့ ကယ်ဗင်ဖီးလစ်တို့ကို အခုပွဲစဉ်မှာ ထည့်သွင်းအသုံးပြုခဲ့သလို ဝက်စ်ဟမ်းအသင်းကလည်း အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး စကာမက်ကာကို ထည့်သွင်းအသုံးပြုခဲ့ပေမယ့် ဝက်စ်ဟမ်းအသင်းဟာ မန်စီးတီးအသင်းရဲ့ ဘက်စုံကောင်းမွန်တဲ့ကစားကွက်ကို မကျော်ဖြတ်နိုင်ဘဲ ရှုံးပွဲဖြင့်သာကြုံခဲ့ရပါတယ်။

**ငွေကြယ်**

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃
## မြိတ်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈

ကွယ်လွန်သူ ဦးစောဂျက်၌ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ (အထူးဆိပ်)၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၄)၊ အထူးရာကြီးကွင်း၊ ဦးပိုင်အမှတ် ၂၀(ခ)၊ မြေဧရိယာ (၀ဒသမ၉၁)ကော၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ (၁ဒသမ၈၃)ကော၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၁ဒသမ၈၃)ကော၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ(၁ဒသမ၈၃)ကော၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ (၁ဒသမ၈၃)ကော၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆(င)၊ ကန်ဖျား၊ ဦးပိုင်အမှတ် က/၂+က/၃+၄၊ ဧရိယာ(၀ဒသမ၂၉၃)၊ (၀ဒသမ၃၅၂)၊ (၀ဒသမ၂၆၁)ကော၊ ဦးပိုင်အမှတ် င/၂+ခ/၃၊ ဧရိယာ(၀ဒသမ၀၂၃)၊ (၀ဒသမ၁၁၄)ကော၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆(ဃ)၊ ဧရိယာ (၀ဒသမ၀၂၄)ကော၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၆(ဃ)၊ ဦးပိုင်အမှတ်(ခ/၆)၊ ဧရိယာ(၀ဒသမ၂၄၈)ကော၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၅(က)၊ ကန်ဖျား၊ ဦးပိုင်အမှတ် (၂၀/၃+၂၀/၄)၊ ဧရိယာ(၀ဒသမ၃၁၄ကော)၊ မြိတ်မြို့နယ်၊ရပ်ကွက်/အကွက်အမှတ်-၆(ဃ)၊ ဦးပိုင်အမှတ်(ခ/၁/စ)၊ မြေချိန်ဧရိယာ(၁၁၀x၁၁၀)ပေ၊ ဘိုးဘပိုင်အိမ်ရာ မြေကွက်တစ်ကွက်၊ ကွက်အမှတ်(ခ/၁)၊ ကန်ဖျားရပ်၊ မြေချိန်ဧရိယာ(၁၁၀x၆၀)ပေ အတိုင်းအတာရှိ ဘိုးဘပိုင်အိမ်ရာ မြေကွက်တစ်ကွက်နှင့် အထူးဆိပ်မြို့သစ် စီမံကိန်းနှင့် အဏ္ဏဝါစိုးအိမ်ရာ စီမံကိန်း(၁၊ ၂)ရှိ မြေကွက်များ စသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများ အားလုံး၏ ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် ပတ်သက်၍ လျှောက်ထားသူမှ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သက်မာဦး(ခ)ဒေါ်ကဗျာက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်(၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၁၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသောကြောင့် ကွယ်လွန်သူခင်ပွန်း ဦးချစ်ဖေ(ခ)ဦးစောဂျက် ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါ အမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၇)ရက် (၁၃၈၄ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က အမွေထိန်းလက်မှတ် လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဩဂုတ်လ ၈ရက်(၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်)တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြမြဦး)
ခရိုင်တရားသူကြီး
မြိတ်ခရိုင်တရားရုံး

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၂၁၃၅/က)၊ ဇေယျဝတီ (၂) လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးအေးမြင့်၊ ဒေါ်ခင်ဝင်းမော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ အိမ်၊ မြေနှင့်ပတ်သက်၍ အမည်ပေါက် (ဦးအေးမြင့်)၏ ဇနီး ဒေါ်ခင်ဝင်းဇော် [၁၂/သကတ(နိုင်)၀၈၉၁၆၂]နှင့် ဒေါ်ခင်ဝင်းမော် [၁၂/သကတ(နိုင်)၀၂၅၁၆၇]တို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၃၀၂/၂၀၁၈ ရရှိထားပြီး အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဖြိုးသစ္စာကိုကို [၁၂/သကတ(နိုင်)၁၇၅၁၀၀]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်အေး [၁၀/မလမ(နိုင်)၂၄၇၆၃၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

## (၂-၈-၂၀၂၂) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၄)ပါ ဦးကျော်ကျော်လှိုင် (တရားလွှတ်တော်ရှေ့နေ) အများသိစေရန် ကြော်ငြာခြင်းအား ကန့်ကွက်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ အိမ်အမှတ်(၄၉၀)တွင် နေထိုင်သော ဒေါ်အေးစန္ဒာထွေး [၁၂/မဘန(နိုင်)၁၀၄၆၇၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၄၉၀)၊ အကျယ်အဝန်း (၄၀x၆၀) ပေမြေကွက်မှာ ဦးကြီးငွေအေး၏ အမည်ပေါက်ဖြစ်ပြီး ဦးကြီးငွေအေး သက်ရှိထင်ရှားရှိစဉ်ကတည်းက သမီးဖြစ်သူ မအေးစန္ဒာထွေးအား အိမ်ပိုင်ဆိုင်မှုစာရွက်စာတမ်းအား အပ်နှံထားပြီး ဦးကြီးငွေအေးမှ တစ်ဦးတည်းပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းလှူဒါန်းထားခြင်းမရှိဘဲ ဦးကြီးငွေအေး+ဒေါ်ညွန့်ရီတို့၏ သားသမီးများဖြစ်သော ဒေါ်အေးစန္ဒာထွေးပါ (၅) ဦးတို့၏ အမွေပုံပစ္စည်းဖြစ်ကြောင်း ညွှန်ကြားသိရှိရပါသည်။ (၁၂-၅-၂၀၂၂)ရက်နေ့တွင် မအေးစန္ဒာထွေးနှင့် မမော်မော်လွင်တို့မှ ဦးခင်ဇော်နိုင်ရရှိမည့် အမွေဝေစုအား ခွဲဝေပေးမည်ဖြစ်ကြောင်း ဒေါ်မော်မော်လွင် ကိုယ်တိုင် ကတိပြုလက်မှတ်ရေးထိုးထားပါလျက် ၎င်းပိုင်ဆိုင်ကြောင်း မမှန်မကန်ကြေညာခြင်းအား ကန့်ကွက်ပါကြောင်းနှင့် လူကြီးမင်းအနေဖြင့် တရားစွဲဆိုမည်ဆိုပါက ကျွန်ုပ်၏ အမှုသည်ဘက်မှလည်း ဒေါ်မော်မော်လွင်အပေါ် တည်ဆဲဥပဒေများနှင့်အညီ ပြန်လည် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်မော်မော်လွင် အနေဖြင့် အမွေပုံပစ္စည်းအား မအေးစန္ဒာထွေးနှင့် ကျန်မောင်နှမများသိရှိခြင်းမရှိဘဲ အထက်ပါမြေကွက်နှင့် နေအိမ်အား ရောင်းချ ပေါင်နှံ၊ ပေးကမ်းခြင်း၊ မပြုလုပ်ပါရန် ပြန်လည်အကြောင်းကြားသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၁၅၄၃) (၄-၈-၂၀၀၉)**
**အမှတ် (၉၄-ခ)၊ စိန်စီဂုဏ်ရောင်လမ်း၊ ၉/၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၂၃၇၂၁၆**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ၄ဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်နေ ဦးထိန်လင်း [၁၂/ဗဟန(နိုင်)၀၀၃၁၀၄] ကိုင်ဆောင်သူ၏သမီးဖြစ်သူ မစုထက်ဝင်း [၁၂/အလန(နိုင်)၀၅၃၃၃၅]ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် လုပ်ချင်ရာလုပ်ပြီး မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမှ လက်ခံဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးထိန်လင်း**

### တောတောင်
### ပျက်ပြုန်း
### မြေဆီ
### သုဉ်း၏

### "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ(၇)လမ်း၊ မြေကွက်အမှတ် (၁၃၆၀)၊ မြေအကျယ်(၄၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ပိုင်ဆိုင်ခွင့်ရှိသူများ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါမြေကွက်ကို မိမိတစ်ဦးတည်းသာ အရှုပ်အရှင်းမရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးအေး [၁၂/ဥကတ(နိုင်)၀၈၉၂၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူလိုသည့်အတွက် စရန်ငွေကျပ်ကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက် သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**ဖုန်း-၀၉-၉၇၂၇၃၄၉၉၆၊ ၀၉-၇၉၁၄၅၄၅၃၁**

### "ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာမြိုင်ရိပ်သာလမ်း၊ B.C.C အရ မြေကွက်အမှတ် (၆အေ/၁)ပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံအမှတ်(၅၃၁/အေ)ဟုခေါ်တွင်သည့် (၈-ထပ်ခွဲ)တိုက်၏ (၁လွှာ)၊ A-ခြမ်းရှိ အခန်းအမှတ်(၁-အေ)၊ ခန့်မှန်းဧရိယာ(၂၀၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတည်ရှိရာ မြေပိုင်ဆိုင်မှုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေပိုင်ဆိုင်မှုပါဝင်သော ကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လက်ရှိထားပိုင်ဆိုင်၍ မိမိတစ်ဦးတည်းသာ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သင်းစန္ဒီ[၁၂/ကမရ(နိုင်)၁၅၆၅၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေပိုင်ဆိုင်မှုပါဝင်သော ကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းများပြသ၍ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** **ဒေါ်သက်ထားဆွိ LL.B,D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**ဖုန်း- ၀၉-၉၇၂၇၃၄၉၉၆၊ ၀၉-၇၉၁၄၅၄၅၃၁**

### အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၄၉၄)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအောင်ထွန်း (N/OKA-၀၂၄၄၈၅) [၁၂/ဥကမ(နိုင်)၀၄၉၄၉၀]က ဂရန်အမည်ပေါက်လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
| --- | --- |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆) | အထက်တန်းရှေ့နေ |
| LL.B, DBL, DIL, MA (Business Law) | LL.B (စဉ်-၅၀၅၉၅) |
| ဖုန်း- ၀၉-၄၃၀၉၄၆၇၂ | ဖုန်း- ၀၉-၇၉၉၈၉၀၄၉၂ |

**တိုက် (၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေရှူးလမ်း၊ အမှတ် [၁/၇၂၃(က)]နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်တင့် [၁၂/ဥကတ(နိုင်)၀၇၀၈၉၂]နှင့် ဒေါ်ခင်မွေး [၁၂/ဥကတ(နိုင်)၀၇၀၇၉၂]တို့၏ သမီးများဖြစ်ကြသော မဝင်းသူဇာ [၁၂/ဒဂရ(နိုင်)၀၂၆၆၅၂]နှင့် မလင်းသူဇာ [၁၂/ဒဂရ(နိုင်)၀၂၆၆၅၃] တို့သည် မိခင်ဖြစ်သူ၏ ဆုံးမပြောဆိုမှုကို မနာခံဘဲ မဝင်းသူဇာမှာ ၂၀၂၂ ခုနှစ်၊ (၄)လပိုင်းကတည်းက နေအိမ်မှဆင်းသွားခဲ့ပြီး မလင်းသူဇာမှာ လွန်ခဲ့သော (၂)နှစ်ခန့်ကတည်းက အိမ်ထောင်ကျပြီး မိခင်နှင့် အိမ်ခွဲ၍ နေထိုင်ပါသဖြင့် ၎င်းတို့နှင့်ပတ်သက်သမျှကိစ္စအဝဝသည် မိခင်ဖြစ်သူ ဒေါ်ခင်မွေးနှင့် မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်းနှင့် မိခင်ဖြစ်သူမှ ၎င်းတို့နှင့်ပတ်သက်သော ငွေရေး၊ ကြေးရေးကိစ္စမှစ၍ အခြားသောကိစ္စအဝဝကို (လုံးဝ) လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုလှိုင် (LL.B) (D.B.L) (D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၂၃) (၂၇-၁၂-၂၀၁၈)**
**အမှတ်(၈/၇၅၀)၊ ဗေဒါ(၂)လမ်း၊ ဒဂုံမြို့သစ်/အရှေ့ပိုင်း။ ဖုန်း-၀၉-၂၅၀၆၅၈၃၃၆**

### ပူနွေးကမ္ဘာ တားဆီးရာ
### ဖြေရှာတစ်ခု
### တောပြုစု။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဝမ်းနည်းကြေကွဲခြင်း
### ဗေယျကျော်ထင် ဗိုလ်ချုပ်မောင်ညို (ငြိမ်း)
BC 10494, DSA(7)
### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈၆)၊ ပိတောက်မြိုင်လမ်းနှင့် သပြေလမ်းထောင့်၊ အကွက်(၃၀)၊ သုဝဏ္ဏမြို့နယ်နေ ဗေယျကျော်ထင် ဗိုလ်ချုပ်မောင်ညို(ငြိမ်း) သည် ၆-၈-၂၀၂၂ရက် (စနေနေ့) နံနက် ၃:၁၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်(၅၀၀)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်**
**ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### သံအမတ်ကြီး
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### သံအမတ်ကြီး
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများ၊**
**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### သံအမတ်ကြီး
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်ဌေး
### မြန်မာ့လက်ရွေးစင် ပြေး၊ ခုန်၊ ပစ် ကစားသမားဟောင်း
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ တိုက်(B)၊ အခန်း(၂၀၁)၊ အား/ကာ အိမ်ရာဝင်းနေ ( ဦးဘအောင်- ဒေါ်အေးချိန်) တို့၏သမီး (ဦးတင်ဌွေ-ဒေါ်ခင်လှိုင်)၊ (ဦးခင်မောင်-ဒေါ်ခင်ကြည်)၊ [ဒေါ်ခင်မေ(မူလတန်းပြ-ငြိမ်း)]၊ ဒေါ်ခင်မြင့်တို့၏ညီမ၊ [ဦးတင်အောင်(စာရင်းစစ် အိုး/အိမ်-ငြိမ်း)-ဒေါ်အေးသီ]တို့၏ အစ်မဖြစ်သူသည် ၆-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ၉၆ ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်သဖြင့် ကျန်ရစ်သော ရုပ်ခန္ဓာအား ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမင်း(ခ)မတူး
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၉၅)နေ ဦးဖေခင်(ဒုညွှန်ကြားရေးမှူး-ငြိမ်း)[မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း]၏ ချစ်လှစွာသောဇနီး၊ (ဦးပု-ဒေါ်တင်မြိုင်)တို့၏သမီး၊ ဦးကျော်မင်း-ဒေါ်နှင်းဆီ၏ ညီမ၊ ဦးဆိုင်းနော်-ဒေါ်အေးအေးလင်း၏အစ်မ၊ မလှယမင်းအိမ်၊ မောင်ဇေယျာနွေနိုင်၊ မောင်ကောင်းခန့်ထက်နိုင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်အေးအေးမင်းသည် ၇-၈-၂၀၂၂ရက် မွန်းလွဲ ၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### သံအမတ်ကြီး
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗေယျကျော်ထင် ဗိုလ်ချုပ်မောင်ညို(ငြိမ်း)
[ကြည်း ၁၀၄၉၄၊ DSA(7)]
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈၆)၊ ပိတောက်မြိုင်လမ်းနှင့် သပြေလမ်းထောင့်၊ အကွက်(၃၀)၊ သုဝဏ္ဏနေ ဒေါ်ခင်ဌေးဌေး၏ချစ်လှစွာသောခင်ပွန်း၊ ဗေယျကျော်ထင် ဗိုလ်ချုပ်မောင်ညို(ငြိမ်း)သည် ၆-၈-၂၀၂၂ ရက်(စနေနေ့) နံနက် ၃:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခလရ(၃၃)မှ အရာရှိစစ်သည် တပည့်ဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### သံအမတ်ကြီး
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နန်နင်းမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### သံအမတ်ကြီး
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချုံချင့်မြို့**

## ထာဝရ လွမ်းဆွတ်သတိရခြင်း
### ဦးအောင်ထူး
### ညွှန်ကြားရေးမှူး(ငြိမ်း)
### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

- ဖေကြီးရေ ၉-၈-၂၀၂၂ရက် ဆိုရင် ဖေကြီး မိသားစုကို ခွဲခွာသွားတာ (၁) နှစ်ပြည့်ခဲ့ပါပြီ။ မိသားစုရင်ထဲမှာ ဖေကြီးက အမြဲရှိနေလျက်ပါ။
- ဖေကြီးရှိစဉ်က မိသားစု သွားအတူ စားအတူ ကုသိုလ်ပြုအတူတူ ပြုလုပ်နေကြအတိုင်း ဖေကြီးမရှိတော့တဲ့နောက်ပိုင်းမှာလည်း ဖေကြီးကို သတိရအောက်မေ့ပြီး လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုများကို ဖေကြီးကိုရည်စူးပြီး ပြုလုပ်လျက်ပါ။
- မေကြီးတို့ ပြုပြုသမျှ ကောင်းမှုအစုစုကို ဖေကြီးအား အမျှ အမျှ အမျှ ပေးဝေပါတယ်။ ဖေကြီး ကောင်းမွန်ရာ ဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုပါ။
- ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ရှိနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်လွင်လွင်ကြည်**
**သမီးကြီး၊ သမီးငယ် မိသားစု**

## (၁)နှစ်ပြည့်အလွမ်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းသိန်းဦး
### အသက်(၆၉)နှစ်

မိသားစုနဲ့ ခွဲခွာပြီး ဘဝတစ်ပါးသို့ ပြောင်းသွားသည်မှာ ၉-၈-၂၀၂၂ ရက်တွင် တစ်နှစ်တင်းတင်း ပြည့်ပါသော်လည်း နေ့စဉ်၊ လစဉ် ပြုပြုသမျှသော ရည်စူးကုသိုလ်အစုစုကို ဝမ်းမြောက်စွာ သာဓု ခေါ်ဆိုနိုင်ပြီး မြင့်သထက်မြင့်တဲ့ ဘုံဘဝကိုရရှိကာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ တက်လှမ်းနိုင်ပါစေ။

**ချစ်ခင်ပွန်း- ဦးမြင့်စိန်**
**ချစ်သားသမီးများ- ကိုဖေသီဟန်-မညိမ်းဆုမိုး**

## ဦးမျိုးသန့်ဖေ
### တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းရိပ်သာလမ်း၊ အမှတ်(၆-ဒီ)နေ (ဦးစိန်ဖေ-ဒေါ်တင်တင်နွယ်)တို့၏ ချစ်လှစွာသောသား၊ (ဦးကျော်စိန်)၊ ဦးဝင်းမြင့်စိန်-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ညိမ်းညိမ်းဖေ၊ ဒေါ်ခင်ပြုံးပြုံးဖေတို့၏ ချစ်လှစွာသော ညီ/မောင်ငယ်၊ ဒေါက်တာနေအောင်ဖေ-ဒေါက်တာမြတ်ဖြိုးသူ၊ ဦးဥက္ကာဖေတို့၏ ဦးလေး၊ လင်းလက်သူ၏ အဘိုးလေးသည် ၇-၈-၂၀၂၂ ရက်တွင် ကူမင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၂ (သောကြာနေ့) မွန်းလွဲ (၂)နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးသန့်ဖေ
### (သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)
### အသက်(၅၉)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀နာရီတွင် ကူမင်းမြို့၌ ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ဦးဘစိန်ကြီး
### အသက်(၈၄)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကုန်းခင်ကျေးရွာအုပ်စု၊ ကုန်းခင်ရွာမကျေးရွာနေ (ဦးရွှေခိုင်-ဒေါ်နှင်းစိန်)တို့၏သားကြီး၊ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဦးဘဟန်- ဒေါ်ခင်မြတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ အမှတ်(၁၄၆၄)နေ ဦးဘကြည်- ဒေါ်မြင့်မြင့်ရွှေ(နန်းရွှေရည်ရတနာရွှေဆိုင်)၊ [ဦးဘသန်း(ခ)ဦးညီလှ]၊ ဒေါ်ခင်သိန်းကြည်(ခ)ဒေါ်ညိုချော (ရွှေရတနာရောင်းဝယ်ရေး)၊ ဦးအောင်နိုင်စိုး(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်သန်းထွေး(A 7 K ရွှေရတနာရောင်းဝယ်ရေး)၊ ဦးအောင်နိုင်ထွန်း(ခ) ဦးပါလေး-ဒေါ်မြင့်ကြူသင်း(အရောင်းအဝယ်)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ် သုံးယောက်တို့၏ ကျေးဇူးရှင် အဘိုးသည် ၇-၈-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၈ နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီ ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါ၍ ၁၃-၈-၂၀၂၂ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အမှတ်(၁၄၆၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ရှိန်
### ပြည်မြို့
### အသက်(၈၀)

ပြည်မြို့၊ ဈေးလမ်းနေ (ဦးဘိုးတုတ်- ဒေါ်လှရွှေ)တို့၏သမီး၊ ထုံးဘိုမြို့နေ (ဦးကျော်မြင့်-ဒေါ်တင်တင်)၊ ပြည်မြို့နေ( ဦးဇော်မြင့် - ဒေါ်ထွေးညွန့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ ထီးတန်း(၁)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအောင်မြင့် (ငြိမ်း- စီမံကိန်းရေးဆွဲရေး)- (ဒေါ်ထွေးထွေး)၊ ပြည်မြို့၊ ဈေးလမ်းနေ (မကြည်ဝေ)တို့၏ အစ်မ၊ ဒေါ်အေးသက်သက်အောင်(Shwe Taung Development Co.,Ltd)၊ ဂျပန်နိုင်ငံနေ ကိုသူရိန်ထွန်း-မအေးမို့မို့အောင်၊ ရန်ကုန်မြို့နေ ကိုကျော်လင်းအောင်(Qiangdao Marine & Shipping Co.,Ltd)- မခင်ဝင့်ဝင့်တို့၏ အဒေါ်၊ ဒေါ်ကြည်ရှိန်သည် ၇-၈-၂၀၂၂ ရက် နံနက်ပိုင်းတွင် အာရှတော်ဝင်ဆေးရုံကြီး၌ (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာ လုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၈

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်း ချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳

## ကယက်ကြိုးပြင်ကာကွယ်တော သတ်မှတ်



ကယက်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မ ခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ် မတူပီခရိုင် ပလက်ဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၉၈၈ ဧကရှိသော နယ်မြေကို"ကယက်ကြိုးပြင် ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၁၁၉/၂၀၂၂) အရ ၁၃၈၄ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

## အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအဖွဲ့အား သောင်းသောင်းဖြဖြကြိုဆို ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု ရရှိ



ရန်ကုန် ဩဂုတ် ၈

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု၊ နိုင်ငံအလိုက် အဆင့်(၆) ရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု အောင်ပွဲရ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့သည် ယနေ့ နံနက် ၅ နာရီခွဲက မြန်မာအမျိုးသားလေကြောင်းလိုင်းစင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❐

**ယနေ့ ဖတ်စရာ**

**အာဆီယံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ရပ်တည်ရန် လိုအပ်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြောကြား**

စာမျက်နှာ ၁၃

---

**မြန်မာ ယူ-၁၆ အသင်း ကမ္ဘောဒီးယားကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်**

စာမျက်နှာ ၂၀